ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ကြာသပတေးနေ့၊ (24-1-2008) (၅၅၇၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တိုင်းကျိုးပြည်ပြုလုပ်ငန်းများသည် ကဏ္ဍတစ်ရပ်ဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဆောင်ရွက်နေခြင်းမဟုတ် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်စုံကဏ္ဍစုံ ဟန်ချက်ညီညီ တိုးတက်လာစေရန် ဆောင်ရွက်နေခြင်းဖြစ် နိုင်ငံတော်ကြီး လျင်လျင်မြန်မြန်တိုးတက်စေရန် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူ တက်ညီလက်ညီကြိုးပမ်း

နေပြည်တော် ဇန်နဝါရီ ၂၃

ကချင်ပြည်နယ် ဗန်းမော်မြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်သည် ဇန်နဝါရီ ၂၀ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ဗန်းမော်မြို့ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗန်းမော်ခရိုင်ရှိ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ဗန်းမော်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းက ဗန်းမော်ခရိုင်၏ မြေယာအသုံးချမှုနှင့် ရာသီဥတုအခြေအနေ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်မြို့ရှိ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

အချိန်အခါမဟုတ် မိုးရွာမည်

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေဖိအားနည်းချိုင့်ဝှမ်းများ၏ အရှိန်ကြောင့် ယနေ့မွန်းတည့်မှ နောက်(၄၈) နာရီအတွင်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ထားသည်။
(သတင်းစဉ်)

ကြေးမုံ The Mirror

ယနေ့ သတင်း အညွှန်း

ကြံခင်း-ဥသျှစ်ပင်ရထားလမ်းပိုင်း မကြာမီ ဖွင့်မည်။ — စာမျက်နှာ-၃

ဗြိတိန် စစ်ဘက်ဝန်ထမ်း ခြောက်သိန်း၏ ကိုယ်ရေးအချက်အလက်များပါဝင်သည့် ကွန်ပျူတာ ပျောက်ဆုံး၊ အီရတ်၌ ဗုံးပေါက်ကွဲ၍ ခုနစ်ဦးသေဆုံး — စာမျက်နှာ-၄၊၅

အစိမ်းရောင်ပန်းဂေါ်ဖီကို စားသုံးလျှင် နှလုံးကြွက်သားများ သန်စွမ်းနိုင် — စာမျက်နှာ-၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၂၄-၁-၂၀၀၈
(ကြာသပတေးနေ့)

စက်မှုကဏ္ဍ ဟန်ချက်ညီညီ ဖွံ့ဖြိုးရေးကြိုးပမ်း အရည်အသွေးမီ ကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်

စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် နိုင်ငံပိုင် စက်မှုလုပ်ငန်းများနှင့် ပုဂ္ဂလိကစက်မှုလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ကြိုးပမ်းနေသည်။ စက်မှုနယ်မြေများ၊ စက်မှုဇုန်များတည်ထောင်ခြင်း၊ စက်ရုံအလုပ်ရုံအသစ်များ တိုးချဲ့ဖွင့်လှစ်ခြင်းတို့နှင့်အတူ သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းများလည်း ဖြစ်ထွန်းလျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနက စားသောက်ကုန်နှင့် လူသုံးအိမ်သုံးပစ္စည်းများကို ထုတ်လုပ်နေသကဲ့သို့ အမှတ်(၂) စက်မှုဝန်ကြီးဌာနက နည်းပညာနှင့် အဆင့်မြင့်မားသည့် စက်ရုံအလုပ်ရုံ အများအပြားကို စက်မှုနယ်မြေအလိုက် တိုးချဲ့ထူထောင် လုပ်ကိုင်လျက်ရှိသည်။

မန္တလေးတိုင်း ကျောက်ဆည်စက်မှုနယ်မြေတွင် မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၊ ဘိလပ်မြေစက်ရုံများ၊ ပလတ်စတစ်စက်ရုံများ၊ မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ၊ ကြွေရည်စိမ်နှင့် စတီးအိမ်သုံးပစ္စည်းစက်ရုံ၊ အပ်ချုပ်စက်ရုံ၊ သကြားလုံးစက်ရုံ၊ စွပ်ကျယ်စက်ရုံ၊ မီးခံအုတ်စက်ရုံနှင့် စက်ဘီးစက်ရုံတို့ကို တည်ဆောက်ထားပြီး ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိသည်။

စက်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် အရေအတွက်သာမက ထုတ်ကုန်အရည်အသွေး ကောင်းမွန်စေရေး အလေးထား ဆောင်ရွက်ကြရမည်ဖြစ်သည်။ စက်ရုံအလိုက် ကုန်ထုတ်လုပ်မှု အောင်မြင်ရေးအတွက် သုံးစွဲသူများ စိတ်ကြိုက်ဖြစ်ရေး၊ အသုံးတည့်ထိရောက်သည့်ပစ္စည်းများ ဈေးကွက်လိုအပ်ချက်နှင့်အညီ ထုတ်လုပ်ပေးနိုင်ရေး မျက်ခြည်မပြတ် သုံးသပ်ထုတ်လုပ် သွားကြရမည်ဖြစ်သည်။

နိုင်ငံ ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးတွင် စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုသည် အရေးပါသည်ဖြစ်ရာ တာဝန်ရှိသူ အသီးသီးတို့က နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင် စက်မှုကဏ္ဍတစ်ရပ်လုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေး၊ စက်ရုံအလုပ်ရုံများ စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်ရေး၊ ဝင်ငွေနှင့်သုံးငွေ အချိုးမျှတရေးနှင့် အရည်အသွေးမီကုန်ပစ္စည်းများ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ခေတ်မီစက်မှုနိုင်ငံ ဖြစ်ပေါ်လာမည် ဖြစ်ပါသည်။ ။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေပိတောက်ရိပ်မွန် ရွှေယင်းမာလမ်းနေ မောင်စိုးလင်းဝင်းနှင့် ဒေါက်တာ လှမြတ်ကောင်းတို့က မင်္ဂလာဦးအလှူအဖြစ် ငွေကျပ် ၁၀၀၀၀၀ ကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် (၃)ရပ်ကွက် မင်းကျောင်းလမ်းရှိ သစ္စာဒီပကဝိပဿနာအဖွဲ့ချုပ် ဓမ္မာရုံကြီး၌ (၇၁)ကြိမ်မြောက် အထူးတရားစခန်းပွဲကြီးကို အလှူဒါယကာ ဦးကျော်ဝင်း-အလှူဒါယိကာမ ဒေါ်ဘေဘီဝင်း မိသားစုတို့က မတည်၍ အာဒိကမ္မိက ကမ္မဋ္ဌာနာစရိယ(မူလဓမ္မာစရိယ) ကျေးဇူးရှင်ဆရာကြီးဦးကြည်၏ ဉပနိဿယအတိုင်း ဓမ္မာနုပဿနာ မဟာသတိပဋ္ဌာန် တရားတော်များကို ဆရာကြီး၏ အန္တေဝါသိက လက်ရင်းတပည့်ကြီးဖြစ်သော ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဆရာဦးသိန်းဆွေ(ဓနုဖြူ)နှင့် အရန်တရားဟော ဓမ္မကထိကများဖြစ်ကြသော နာယကဦးထွန်းလွင်၊ ဆရာဦးမြင့်သန်း၊ ဆရာ ဦးသန်းဝေတို့က ဖေဖော်ဝါရီ ၉ ရက်မှ ၁၅ ရက်အထိ ခုနစ်ရက်တိုင် တရားဟောကြား ပြသမည်ဖြစ်သည်။ တရားစခန်းဝင်လိုသူ ယောဂီများသည် ဖေဖော်ဝါရီ ၈ ရက် ညနေ ၅ နာရီအရောက် ဝင်ရောက်နိုင်ကြကြောင်းနှင့် နာယက ဦးအေးကို ဖုန်း-၀၁-၆၆၀၀၀၆၊ ၀၁-၆၆၂၂၈၀၊ ဥက္ကဋ္ဌ ဦးကျော်ဦး ဖုန်း-၀၁-၂၄၇၀၂၇၊ ၀၉-၉၉-၂၀၆၁၇၊ ဒုတိယဥက္ကဋ္ဌ ဦးနိုင်အောင် ဖုန်း-၀၁-၆၆၂၈၅၀၊ ၀၉-၅၁၈၃၈၄၀၊ ဘဏ္ဍာရေးနှင့် ပြန်ကြားရေးမှူး ဦးသန်း ဖုန်း-၀၉-၉၉-၂၅၅၀၅ တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

ပြည်သူ့သဘောထား	★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
	★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
	★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
	★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှုအားပေး

ရန်ကုန် ဇန်နဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့ မိုးလုံလေလုံ အားကစားခန်းမ၌ ကျင်းပသော စတုတ္ထအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်နှင့်ကျေးရွာ အုပ်စုပေါင်းစုံ အမျိုးသား(အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲသို့ တက်ရောက်ကြည့်ရှု အားပေးသည်။

ဗိုလ်လုပွဲတွင် သုံးခွကျေးရွာ ဘော်လီဘောအသင်းက ရေတိမ်ကျေးရွာ ဘော်လီဘောအသင်းကို သုံးပွဲပြတ်ဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ယင်းနောက် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ တာဝန်ရှိသူများက နေရာအလိုက် အကောင်းဆုံး ဘော်လီဘောသမားများ၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘော်လီဘောသမားနှင့် ပထမ၊ ဒုတိယရရှိသော ဘော်လီဘောအသင်းများအား တစ်ဦးချင်းဆုနှင့် ဆုကြေးငွေများကို လည်းကောင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပထမရရှိသော သုံးခွကျေးရွာ ဘော်လီဘောအသင်းအား တံခွန်စိုက် ဆုဖလားနှင့် ဆုကြေးငွေကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြောင်း သတင်းရရှိသည်။

(စွမ်းအင်)

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ ကွမ်းခြံကုန်းမြို့ စတုတ္ထအကြိမ် စွမ်းအင်ဝန်ကြီးဖလား ရပ်ကွက်နှင့်ကျေးရွာ အုပ်စုပေါင်းစုံ အမျိုးသား (အလွတ်တန်း) ဘော်လီဘောပြိုင်ပွဲတွင် ပထမရရှိသွားသော သုံးခွကျေးရွာ ဘော်လီဘောအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။

(စွမ်းအင်)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ကျောင်းကျန်းမာရေး ပညာပေးဟောပြောပွဲနှင့် စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူး၍ ကျောင်းကျန်းမာရေး အထောက်အကူပြုလုပ်ငန်း ပညာပေးဟောပြောပွဲနှင့် အသိပညာပေး စကားဝိုင်း ဆွေးနွေးပွဲကို ဇန်နဝါရီ ၂၂ရက် နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက် ရာဇဓိရာဇ်လမ်းရှိ အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က အဖွင့်အမှာစကား ပြောကြားပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးများ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်က "အမှိုက်နှင့် ကျန်းမာရေးအကြောင်း သိကောင်းစရာများ"ကိုလည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ လက်ထောက်ဌာနမှူး ဦးစိုင်းစံဦးက "အမှိုက်" အကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောကြပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက အမှိုက်ပုံး ၁၀ပုံးနှင့် အမှိုက်အိတ်များ လှူဒါန်းသည်။

ဆက်လက်၍ စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်နှင့် တာဝန်ရှိသူများက မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး စကားဝိုင်းဆွေးနွေးပွဲ၌ ကျောင်းသူများအား အမှိုက်နှင့်ပတ်သက်၍ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ အမှိုက်အမျိုးအစား၊ အမှိုက်နှင့် ပတ်သက်သော စည်းကမ်းများ "အမှိုက် စနစ်တကျ သိမ်းဆည်းစွန့်ပစ်ရန် နည်းလမ်းများ" စသည်တို့ကို အသေးစိတ်ပညာပေးရှင်းလင်း ဆွေးနွေးပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းသိရသည်။**(အောက်ပုံ)**

(သတင်းစဉ်)

ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့်ဓမ္မပူဇာကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

ဆိပ်ကမ်းမြို့နယ် ရဲရိပ်သာရပ်ကွက်တွင် (၁၆)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲနှင့် ပထမအကြိမ်ဓမ္မပူဇာသဘင်ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၃၀ရက် ည၇နာရီတွင် အရှင်ဝီရိယ (ဓမ္မဘေရီ၊တောင်စွန်း)၊ ဇန်နဝါရီ ၃၁ရက်ည၇နာရီတွင် အရှင်ပညာနန္ဒ(သီတဂူကြယ်တစ်ပွင့်)၊ ဖေဖော်ဝါရီ၁ရက်ညနေ၆နာရီတွင် အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ)နှင့် ဖေဖော်ဝါရီ ၂ရက် ည၇နာရီတွင် အရှင်ရေဝတ (ကြာနီကန်တပည့်)တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

STI Education ၏ ညွှန်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

STI Education ၏ညွှန့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲမှု ဒီပလိုမာသင်တန်း အမှတ်စဉ် (၉)၏ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ဇန်နဝါရီ ၂၆ရက် မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ပြည်ပမှ ဝါရင့်ဆရာ၊ ဆရာမကြီးများက စီမံခန့်ခွဲရေး ဘာသာရပ်၊ လူ့အရင်းအမြစ် စီမံခန့်ခွဲမှု၊ ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက်ဝန်ဆောင်မှုနှင့် ဘဏ္ဍာရေး စီမံခန့်ခွဲမှုဆိုင်ရာတို့ကို ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

STI Education ၏ (၂)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် အသေးစားနှင့် အလယ်အလတ်စား လုပ်ငန်းများအပေါ် စီမံခန့်ခွဲမှုအလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၅ရက်မှ ၁၈ရက်အထိ ကျင်းပမည်ဖြစ်ရာ ပါမောက္ခ Mr. Leslie Cohen နှင့် ပါမောက္ခများ၊ လုပ်ငန်းရှင်များက ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။

ထို့အပြင် STI Educationနှစ်ပတ်လည်အခမ်းအနားနှင့် အောင်လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၆ရက်တွင်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဆရာဖြစ် ဒီပလိုမာသင်တန်းများနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၁၇ရက်တွင်လည်းကောင်း ကျင်းပမည်ဖြစ်သည်။

STI Education သည် London Teacher Training College (LTTC), Association of Managers and Administrators (AMA), Queensfield International Business School, Australian Institute of Training and Educationတို့နှင့် ပူးပေါင်း၍ ဒီပလိုမာသင်တန်းများ ဖွင့်လှစ်ပို့ချပေးလျက်ရှိသည်။

စိတ်ဝင်စားသူများသည် သင်တန်းတည်ရှိရာ အမှတ်(၃၇၇) ရွှေဘုံသာအထက်လမ်း ပန်းဘဲတန်းမြို့နယ် ဖုန်း-၀၁-၂၅၀၀၅၆ နှင့် ၇၀၀၂၇၃ သို့လည်းကောင်း၊ လှိုင်တက္ကသိုလ်နယ်မြေ မြန်မာအင်ဖိုတက် အဆောင်(၄) အခန်း(၇)ဖုန်း-၀၁-၅၀၇၀၄၆မှ ၄၈နှင့် ၅၀၇၁၅၁ မှ ၅၂တို့သို့ လည်းကောင်း ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကိုးဘွဲ့ရ မဟာသိမ်တော်ကြီးအတွက် အလှူငွေများလှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၂၃

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ် ဦးဆောင်တည်ထောင်လျက်ရှိသော ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် (၄၂) ယူနိုင်းရပ်ကွက်ရှိ ကိုးဘွဲ့ရ ပါသာဒမဟာသိမ်တော်ကြီးကို မကြာမီ စတင်တည်ဆောက်တော့မည်ဖြစ်၍ အလှူငွေများ လှူဒါန်းလျက်ရှိကြရာ မန္တလေးမြို့ မောရဂီဝါရပ် (၇၅)လမ်း မောရိယဆေးတိုက် မိသားစုများက ငွေကျပ်သိန်း ၄၀၊ မန္တလေးမြို့နေ ဦးစံဝင်း–ဒေါ်ခင်ဝင်း၊ သမီး– မနန်းယဉ်ယဉ်မိသားစု၊ ဒေါ်ခင်ဝင်း သိုးမွေးနှင့်ဆွယ်တာဆိုင် (၃၂)လမ်း ချမ်းအေးသာစံမြို့နယ်မှ ငွေကျပ်သိန်း ၅၀၊ ပုဇွန်တောင် လိပ်ကန်လမ်းနေ ဒေါ်ကျင်မြက ငွေကျပ်သိန်း ၂၀၊ မြိတ်မြို့ ကန်ဖျားရပ် ကန်ဖျားလမ်းမကြီးနေ မခိုင်ခိုင်ဝင်း၊ မအေးအေးသက်တို့က ငွေကျပ် ၁၈သိန်း၊ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း ရွှေတောင်ကြားနေ ဒေါ်ခိုင်မဥ္ဇူလတ်၊ သမီး–အာယုမိစံမိသားစု၊ ဦးဝင်း ကျော်(ဟုတ်လီဦးထုပ်ဆိုင်) (၂၄)လမ်း လသာမြို့နယ်၊ ဒေါ်မော်လီ အောင်ဇေယျလမ်း တောင်ဒဂုံ၊ ဒေါ်ကြင်ဆိုင် ကိုင်းတန်းလမ်း လမ်းမတော်၊ ကိုမောင်မောင်ညွန့် ဘုရင့်နောင်ဈေး မရမ်းကုန်းမြို့နယ်၊ တာမွေ ကျောက်မြောင်း အောင်မင်္ဂလာလမ်းနေ ဒေါ်သက်မှင် (သန်း–ကဖီး)မိသားစု၊ ခရမ်းမြို့ (၄)ရပ်ကွက် စနေလမ်းနေ ဦးစိန်ဟုတ်–ဒေါ်ခင်မေရီမိသားစုတို့က ငွေကျပ် ၁၀သိန်းစီ အပါအဝင် အလှူရှင် ၁၄၅ဦးတို့က ငွေကျပ်သိန်း ၅၄၀ တို့ကို လှူဒါန်းကြကြောင်းနှင့် လှူဒါန်းလိုပါက ကိုးဘွဲ့ရဆရာတော် ဖုန်း– ၀၉၂၁–၃၀၈၉၅၊ ၀၉၉၉–၇၀၄၈၆၊ ၀၉၂၁–၃၃၀၁၀၊ ၀၁–၇၀၈၄၀၃ နှင့် ၀၇၂–၂၂၁၇၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

ရန်မီးမပွား အကျိုးများ

ဤလောက၌ ရန်တုံ့ပြန်ခြင်းအားဖြင့် ဘယ်သောအခါမျှ မငြိမ်းကုန်။ ရန်တုံ့မမူသဖြင့်သာလျှင် ငြိမ်းကုန်၏။ ဤသို့ ရန်တုံ့မမူသဖြင့် ရန်ငြိမ်းခြင်းသည် ရှေးအစဉ်အလာ ဓမ္မတာသဘောပင်တည်း။

(ဓမ္မပဒ ၅)

ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်း မကြာမီဖွင့်မည် ဝန်ကြီးဗိုလ်ချုပ်အောင်မင်း ရထားလမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေး

ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ဥသျှစ်ပင်ဘူတာ ယာဒ်ဝင်းအတွင်းရှိ သံလမ်းများ ကျောက်ဖြည့်၊ ကျောက်ညှိခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထား)

နေပြည်တော် ဇန်နဝါရီ ၂၃

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဇန်နဝါရီ ၁၈ရက် နံနက်ပိုင်းတွင် ဧရာဝတီမြစ် အနောက်ဘက်ကမ်း ကြံခင်း–ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း၏ ကြံခင်း–သရက်လမ်းပိုင်းအား သွားရောက်စစ်ဆေးရာ ရှေးဦးစွာ ပဲခူးတိုင်း (အနောက်ပိုင်း) ပန်းတောင်းမြို့နယ်အတွင်းရှိ ဥသျှစ်ပင်နှင့် သရက်အကြား၊ ဥသျှစ်ပင်မှ (၂၁)မိုင် အကွာနေရာတွင် စက်ယန္တရားများဖြင့် မြေသားတာပေါင် လုပ်ငန်းဆောင် ရွက်နေမှုတို့ကိုစစ်ဆေးပြီး ဝန်ကြီးက စက်ယန္တရားများကို စွမ်းအားပြည့်ပြုရေးနှင့် မြေသားတာပေါင်လုပ်ငန်းနှင့်အတူ ရထားလမ်းကူးတံတားများ ဟန်ချက်ညီစွာ ပြီးစီးရေးဆောင်ရွက်ရန်မှာကြားပြီး မကွေးတိုင်း ကံမမြို့အနီး ပြောင်ကျရွာနှင့် ဒန်ကိုင်းရွာအကြားရှိ မြေသားတာပေါင်လုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

လိုက်လံစစ်ဆေး

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဇန်နဝါရီ ၁၉ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးဖေသန်း၊ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်မြင့်တို့လိုက်ပါ၍ ကြံခင်း–ဥသျှစ်ပင် ရထားလမ်းပိုင်းရှိ ကြံခင်းဘူတာသို့ ရောက်ရှိပြီး ကြံခင်းဘူတာမှ DRC သံလမ်းပြေးယာဉ်ဖြင့် ရထားလမ်းတစ်လျှောက် စမ်းသပ်မောင်းနှင်၍ လိုက်လံစစ်ဆေးသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးနှင့် အဖွဲ့သည် ဥသျှစ်ပင်ဘူတာသို့ရောက်ရှိ စစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ကြံခင်း–ဥသျှစ်ပင် ရထားလမ်းအပိုင်းသည် မိုင် ၄၀ရှိပြီး ဘူတာခြောက်ခုပါရှိမည်ဖြစ်သည်။ ကြံခင်း–ဥသျှစ်ပင်လမ်းပိုင်း ဖွင့်လှစ်ပေးနိုင်ခြင်းဖြင့် ဥသျှစ်ပင်ဘူတာမှတစ်ဆင့် ပဲခူးတိုင်း ပြည်မြို့သို့လည်းကောင်း၊ ရခိုင်ပြည်နယ် တောင်ကုတ်မြို့သို့လည်းကောင်း ဆက်စပ်သွားလာနိုင်မည်ဖြစ်သည်။ အဆိုပါလမ်းပိုင်းကို မကြာမီ ဖွင့်လှစ် နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖြူးဆရာတော် အထူးတရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ် (၅)ရပ်ကွက်နေ ဦးအောင်မျိုး–ဒေါ်မြင့်မြင့်မော်၊ သား ကောင်းမြတ်ဇေ၊ သမီး အိနေခြည်မျိုး (ပန်းချယ်ရီ ဓာတ်ပုံနှင့် ဗွီဒီယိုလုပ်ငန်း)မိသားစုတို့က သမီးလေး “အိနေခြည်မျိုး”ငါးနှစ်ပြည့် မွေးနေ့မင်္ဂလာအထိမ်းအမှတ်အဖြစ် တရားအလှူ ပေးလှူမည်ဖြစ်ရာ ကမ္ဘာ့ဗုဒ္ဓသာသနာပြု ဖြူးဆရာတော်က ဇန်နဝါရီ ၂၆ ရက် ည ၇ နာရီတွင် လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ပန်းတစ်ပွင့်တောင်ဆရာတော် တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

ပန်းတစ်ပွင့်တောင်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရသည် ဇန်နဝါရီ ၂၉ ရက်ည၌ တည်းကုန်းတရားပွဲ၊ ဖေဖော်ဝါရီ ၂ ရက်ည၌ ရန်မျိုးအောင်စေတီ မြောက်ဥက္ကလာပ၊ ၃ရက် ည၌ ဝါးတစ်ရာ ရွှေပြည်သာတရားပွဲ၊ ၁၁ ရက်ည၌ လှိုင်မြို့နယ် မိုးကုတ်ကျောင်းတရားပွဲ၊ ၁၈ ရက်ည၌ အုတ်ကျင်းဘူတာရုံလမ်း ၁၃ ရပ်ကွက် လှိုင်မြို့နယ် တရားပွဲ၊ ၂၈ ရက်ည၌ ရွှေပြည်သာ (၅၆)ရပ်ကွက် သီရိမင်္ဂလာ ဆွမ်းလောင်းဓမ္မာရုံ တရားပွဲများ၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (က–ပ)

ကျေးရွာစာကြည့်တိုက်မှူး၏ တာဝန်

(၁) စုဆောင်းရရှိသောစာအုပ်များကို မှတ်ပုံတင်စာရင်းထည့်သွင်းထိန်းသိမ်းရန်။
(၂) စာဖတ်သူ၊ စာငှားသူများ ဖတ်ရှုလိုသည့် စာအုပ်စာပေများကို စနစ်တကျ စာရင်းရေးမှတ်ပြီး ငှားရမ်းပေးရန်။
(၃) စာအုပ်များရေရှည်အသုံးပြုရအောင် တတ်နိုင်သမျှ ပြုပြင်/ချုပ်လုပ် ထိန်းသိမ်းရန်။
(၄) စာကြည့်တိုက်အတွက် စေတနာရှင်၊ အလှူရှင်များ ပေါ်ပေါက်လာအောင် စည်းရုံးရန်။
(၅) စာကြည့်တိုက်ကို စာရင်းဇယားဖြင့် စနစ်ကျအောင် ဆောင်ရွက်ရန်။
(၆) စာကြည့်တိုက်လုပ်ငန်းပညာကို လေ့လာသင်ယူရန်။
(၇) မှတ်ပုံတင်စာကြည့်တိုက်တစ်ခု ဖြစ်မြောက်လာအောင် ဆောင်ရွက်ရန်။
(၈) စာအုပ်/ပရိဘောဂနှင့် အဆောက်အအုံတို့ကို ရေရှည်တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်။

တာမွေမြို့နယ် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းနှင့် တာမွေရိပ်မွန်တို့ ပူးပေါင်းဆောင်ရွက်သော မူးယစ်ဆေးဝါးနှင့် HIV/AIDS ကူးစက် ရောဂါအန္တရာယ်လျှော့ချရေး အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၂၂ရက်က အထက (၁) တာမွေ ပင်လုံခန်းမတွင် ကျင်းပရာ တာမွေရိပ်မွန်ဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာထင်ကျော် ပညာပေးဟောပြောစဉ်။ (ဝ၈)



သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသည့် မြို့သာယာလှပရေး လုပ်ငန်းများအနက် မြို့အဝင် အလှပန်းခုံများ ပြန်လည်ပြုပြင်နေခြင်း ဆောင်ရွက်နေမှုကို ဇန်နဝါရီ ၁၆ ရက်က ရန်ကုန်တိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းစစ်ဆေးရာ အဖွဲ့အမှုဆောင်အရာရှိ ဦးစိုးနိုင်ဦးနှင့် လုပ်ငန်းခွင်အင်ဂျင်နီယာတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

စစ်ဘက်ဝန်ထမ်း ခြောက်သိန်း၏ ကိုယ်ရေးအချက်အလက်များပါဝင်သည့် ကွန်ပျူတာပျောက်ဆုံးကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး ဝန်ခံပြောကြား

လန်ဒန် ဇန်နဝါရီ ၂၃

ဗြိတိန် စစ်ဘက်ဝန်ထမ်း ၆၀၀၀၀၀ ခန့် သို့တည်းမဟုတ် တပ်သားသစ်များ၏ ကိုယ်ရေးအချက်အလက်များပါဝင်သည့် စစ်ဘက်သုံး လက်ဆွဲကွန်ပျူတာ ပျောက်ဆုံးမှုနှင့် ပတ်သက်၍ ဝမ်းနည်းမိကြောင်း၊ လုံခြုံရေးဆိုင်ရာ စည်းကမ်းများ ချိုးဖောက်သည့် လုပ်ရပ်ဖြစ်ကြောင်း ဗြိတိသျှ ကာကွယ်ရေးဝန်ကြီးက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။

မော်တော်ယာဉ်တစ်စီးမှ အဆိုပါ ကွန်ပျူတာပျောက်ဆုံးသွားမှုကြောင့် လျှို့ဝှက်စာဖြင့် ရေးသားထားသည့် သတင်းအချက်အလက်များ မသမာသူများ၏လက်သို့ ရောက်ရှိသွားခဲ့ပါက ကိုယ်ရေးအချက်အလက်ပိုင်ရှင်များ၏ အသက်အန္တရာယ်စိုးရိမ်ရကြောင်း၊ သို့ရာတွင် ယင်းသို့ ရောက်ရှိသွားသည့် အခြေအနေမရှိသေးကြောင်း ဒက်စ်ဘရောင်းနီက ပြောကြားသည်။

နိုင်ငံကူးလက်မှတ်နှင့် အမျိုးသားအာမခံလက်မှတ် နံပါတ်များ ပါဝင်သည့် အဆိုပါ ကွန်ပျူတာပျောက်ဆုံးမှုသည် ဌာနမှ ဝန်ထမ်းအချို့၏ လုပ်နည်းလုပ်ထုံးဆိုင်ရာ မှားယွင်းမှုကြောင့်ဖြစ်ပြီး ယင်းကွန်ပျူတာ ပျောက်ဆုံးမှုသည် ၂၀၀၅ ခုနှစ် နောက်ပိုင်း တတိယအကြိမ်ဖြစ်သည်ဟု ဒက်စ်ဘရောင်းနီက ပါလီမန်တွင် ဝန်ခံပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းတောင်ပိုင်း၌ ဗုံးပေါက်ကွဲ တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိ

ဗန်ကောက် ဇန်နဝါရီ ၂၂

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုနှင့် ပစ်ခတ်မှုကြောင့် လုံခြုံရေး ကင်းလှည့်အဖွဲ့မှ တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိသည်။ ယင်းတိုက်ခိုက်မှုသည် သောင်းကျန်းသူများလက်ချက်ဟု ယူဆရကြောင်း ဗန်ကောက်ပို့စ်ဝက်ဘ်ဆိုက်၌ တင်ပြထားသည်။

ရူဆိုဒေသရှိ ရထားလမ်းတစ်လျှောက်တွင်ကင်းလှည့်စောင့်ကြပ်နေစဉ် ချုံခိုတိုက်ခိုက်ခံရကြောင်း ယင်းဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။သောင်းကျန်းသူများက အဝေးထိန်းစနစ်ဖြင့် ဗုံးကို ဖောက်ခွဲခဲ့ခြင်း ဖြစ်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ ဗုံးပေါက်ကွဲမှုကြောင့် ကင်းလှည့်တပ်ဖွဲ့ဝင်ခြောက်ဦး ဒဏ်ရာရခဲ့သည်။ ယင်းပေါက်ကွဲမှုဖြစ်ပြီးနောက် သောင်းကျန်းသူများ၏ ပစ်ခတ်မှုကြောင့် စစ်ဘက်အရာရှိနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ထိုသို့ပစ်ခတ်မှုဖြစ်ပြီးနောက် တောအတွင်းသို့ ဝင်ပြေးခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

သြစတြေးလျနိုင်ငံ နယူးဆောက်ဝေးတွင် ရေကြီးနေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

သြစတြေးလျတွင် မိုးခေါင်မှုနှင့် ကြုံရပြီးနောက် ရေကြီးသည့် ဒုက္ခနှင့် ထပ်မံရင်ဆိုင်ရပြန်

ဆစ်ဒနီ ဇန်နဝါရီ ၂၂

သြစတြေးလျနိုင်ငံ အရှေ့မြောက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးလာသဖြင့် လူအများအပြားမှာ အိုးအိမ်စွန့်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကွင်းစလန်ပြည်နယ် အလယ်ပိုင်းရှိ နိုဂိုအာမြစ်ရေ တက်လာသဖြင့် ရေဘေး စိုးရိမ်ရသည့်အတွက် အယ်မရယ် မြို့သားများသည် ရေလွတ်ရာ ကုန်းမြင့်ဆီသို့ သွားရောက်ခိုလှုံကြရသည်။ ရေသည် ဇန်နဝါရီ ၂၀ ရက်ညပိုင်းမှစ၍ ကြီးလာရာ ၂၁ ရက်ရောက်သည်အထိ ဆက်လက်မြင့်တက်နေဆဲ ဖြစ်သည်။

အိမ်ခြေ ၁၂၀မှ လူအများ ရွှေ့ပြောင်းကြပြီး ဖြစ်သည့်အပြင် နောက်ထပ်လည်း အိမ်ခြေ ၂၅၀ ကို ရွှေ့ပြောင်းရန် ရှိသည်။ ဒေသ၏အနောက်တောင်ပိုင်းရှိ ချားလ်ဗီလီဒေသမှာလည်း ရေကြီးလာမည့် အန္တရာယ်ကို စိုးရိမ်နေရသည်။

ပြီးခဲ့သော သီတင်းပတ်များက သြစတြေးလျနိုင်ငံတစ်ဝန်းတွင် မိုးများ သည်းထန်စွာ ရွာချခဲ့သည်။ ယင်းသို့ မိုးရွာသဖြင့် နိုင်ငံ၏ အဆိုးရွားဆုံး မိုးခေါင်မှု အခြေအနေမှ လွတ်မြောက်ခဲ့ပြီဖြစ်သည်။

သို့သော်လယ်သမားများကယခုမိုးရွာခြင်းသည် ကံကောင်းခြင်းနှင့် ကံဆိုးခြင်းဒွန်တွဲ၍ ရောက်လာသော ဖြစ်ရပ်ပင်ဖြစ်မည်ဟု ပြောကြားသည်။

အင်တာနက်။

ထိုင်းနိုင်ငံတောင်ပိုင်း နာရာသီဝပ်ပြည်နယ်၌ ဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးကြည့်ရှုနေသည်ကို ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အတ္တလန္တိတ်ရေပြင်တွင် ရုရှားရေတပ် စစ်ရေးလေ့ကျင့်

မော်စကို ဇန်နဝါရီ ၂၂

အတ္တလန္တိတ်သမုဒ္ဒရာမြောက်ပိုင်းတွင် ဇန်နဝါရီ ၂၁ ရက်က ရုရှားရေတပ်သင်္ဘောများ စစ်ရေးလေ့ကျင့်မှု ပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် ၁၅ နှစ်တာအတွင်း ပထမဆုံးအနေဖြင့် ရုရှား ရေတပ်အုပ်စု၏ အတ္တလန္တိတ်ရေပြင်တွင် အကြီးမားဆုံး စစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းဖြစ်ကြောင်း အာရ်အိုင်အေ နိုဗိုစတီးသတင်းဌာနက ဖော်ပြထားသည်။

သုံးရက်ကြာ စစ်ရေးလေ့ကျင့်မှုကို မြောက်ပိုင်းရေတပ်ဖွဲ့မှ သင်္ဘောများနှင့် ပင်လယ်နက်ရေတပ်အုပ်စုသင်္ဘောများ ဖြင့်ပြုလုပ်ခဲ့သည်။ ပင်လယ်နက်ရေတပ် သင်္ဘောအုပ်စုမှ မော့ခ်ဗာကရူဇာ စစ်သင်္ဘောနှင့် မြေထဲပင်လယ်ရှိ ရေတပ်စစ်သင်္ဘောများ စစ်ရေးလေ့ကျင့်ရန် ဇန်နဝါရီ၁၈ရက်ကပူးပေါင်းခဲ့ကြသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် လေယာဉ်တင်သင်္ဘော အက်မီရယ် ကော့ဇ်နက်ဆော့ ဖျက်သင်္ဘောနှစ်စင်း အက်မီရယ်လီဗီဟင်ကို၊ အက်မီရယ်ချာဘာနန်ကိုနှင့် ထောက်ပံ့ရေးသင်္ဘော နှစ်စင်းတို့ ပါဝင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

တရုတ်နိုင်ငံပေကျင်းမြို့၌ ကျင်းပသည့် မသန်စွမ်းသူများ၏ ဘတ်စကက်ဘောပြိုင်ပွဲတွင် ဂျာမနီအသင်းနှင့် တရုတ်အသင်းတို့ ယှဉ်ပြိုင်နေကြသည်ကို ဇန်နဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယား၌ တိုက်လေယာဉ်များ ဖြန့်ကြက်မှု မြောက်ကိုရီးယားက အမေရိကန်ကို ဝေဖန်

ပြုံယမ်း ဇန်နဝါရီ ၂၂

အမေရိကန်ပြည်ထောင်စုက တိုက်လေယာဉ်များကို တောင်ကိုရီးယားနိုင်ငံတွင် ဖြန့်ကြက်နေသည်ဟု ကိုရီးယား ဒီမိုကရက်တစ် ပြည်သူ့သမ္မတနိုင်ငံ(ဒီပီအာရ်ကေ)က စနေနေ့တွင် စွပ်စွဲပြောကြားလိုက်ပြီး ယင်းလုပ်ရပ်သည် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယား လက်နက်ဖျက်သိမ်းရေးလုပ်ငန်းစဉ်နှင့် ဆန့်ကျင်ဖီလာဖြစ်နေကြောင်း ဆက်လက်ဝေဖန်သည်။

ယင်းကဲ့သို့သောလုပ်ရပ်များသည် ဒီပီအာရ်ကေနှင့်ပတ်သက်၍ အမေရိကန်၏ ရန်လိုမုန်းထားသည့် စိတ်ဓာတ်ကို ရောင်ပြန်ဟပ်ဖော်ပြနေခြင်း ဖြစ်သည်ဟု ငြိမ်းချမ်းစွာ ပြန်လည်ပေါင်းစည်းရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူက ကိုရီးယား ဗဟိုသတင်းဌာန (ကေစီအင်န်အေ)သို့ ပြောကြားသည်။

ဖော်ပြပါ အမေရိကန်၏ တိုက်လေယာဉ်များ ဖြန့်ကြက်မှုအစီအစဉ်သည် ကိုရီးယားနှစ်နိုင်ငံ ဆက်ဆံရေးတိုးတက်မှုရရှိရေးအတွက်နှင့် ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားပြဿနာအပေါ် ငြိမ်းချမ်းစွာ ဖြေရှင်းရေးလုပ်ငန်းစဉ်အတွက် ပြောင်ပြောင်တင်းတင်း ခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေသည်ဟု ကေစီအင်န်အေက ဖော်ပြသည်။ ယင်းကြောင့် အမေရိကန်အနေဖြင့် ထိုသို့ ရန်လိုရန်စမှုများကို အဆောတလျင် ရပ်ဆိုင်းပြီး ကိုရီးယားကျွန်းဆွယ်ငြိမ်းချမ်းရေးအတွက် တာဝန်ယူဖြည့်ဆည်းပေးရန် ဖော်ပြပါအတိုင်း ပြောရေးဆိုခွင့်ရှိသူက တောင်းဆိုလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ။

လောရင့်ခ်မြို့တွင် မီးလောင်မှုဖြစ်ပွား အိမ်ခြေ ၁၆ လုံးပျက်စီး၊ လူတစ်ဦးဒဏ်ရာရရှိ

လောရင့် ဇန်နဝါရီ ၂၃

ဗြိတိန်နိုင်ငံ လောရင့်ခ်မြို့ရှိ ညကပွဲရုံတွင် တနင်္လာနေ့စောစောပိုင်းအချိန်က မီးအကြီးအကျယ်လောင်ကျွမ်းခဲ့ပြီး အဆောက်အအုံ ၁၆လုံးကို တမုဟုတ်ချင်း ကူးစက် လောင်ကျွမ်းရာ အိမ်ခြေအများအပြားနှင့် လုပ်ငန်းအများအပြား ထိခိုက်ပျက်စီးကာ ဒေသခံလူများသည် ဘေးကင်းရာသို့ ထွက်ပြေးကြကြောင်း အင်တာနက်သတင်းအရ သိရှိရသည်။ ထိုဖြစ်စဉ်ကြောင့် လူတစ်ဦး ထိခိုက်ဒဏ်ရာအနည်းငယ်ရရှိခဲ့သည်။

နံနက် ၂ နာရီခွဲတွင် မီးစတင်လောင်ကြောင်း ဖုန်းဖြင့်ဆက်သွယ်အကြောင်းကြားသည်ဟု မီးသတ်ဌာနမှစတီဖင်ကိုရန်က ပြောကြားသည်။ လူမနေသည့် ညကပွဲရုံ ပြင်ဆင်နေစဉ် မီးစတင်လောင်ကျွမ်းပြီး လေပြင်းတိုက်ခတ်မှုကြောင့် သစ်သားများဖြင့် ဆောက်လုပ်ထားသည့် အဆောက်အအုံများဆီသို့ တမုဟုတ်ချင်း ကူးစက်လောင်ကျွမ်းခဲ့သည်။ မီးဘေးဒုက္ခသည်များအတွက် ခေတ္တနားခိုရန် အဆောက်အအုံသုံးလုံး ဆောက်လုပ်ပေးထားသည်။

မီးလောင်မှုမှာ ရှို့မီးဖြစ်သည်ဟု သံသယမကင်းကြောင်း မီးသတ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားပြီး အရက်၊ စီးကရက် သို့မဟုတ် လက်နက်များ၊ ပေါက်ကွဲစေရာပစ္စည်းများ သိုလှောင်ထားမှုရှိ၊မရှိကို စစ်ဆေးစုံစမ်းနေသည်။

အင်တာနက်။

နိုင်ငံတကာရေးရာ သတင်းများ

ကင်ညာနိုင်ငံ ပြည်တွင်းမတည်မငြိမ်မှုကြောင့် နိုင်ငံခြားအားကစားသမားများ လာရောက်မည့်အစီအစဉ် ပျက်ရ

နိုင်ရိုဘီ ဇန်နဝါရီ ၂၃

တရုတ်နိုင်ငံတွင် ကျင်းပမည့် အိုလံပစ်အားကစားပွဲတော်အတွက် လာရောက်လေ့ကျင့်မည့် နိုင်ငံခြားသားအားကစားသမား ၁၅၀ ကျော်တို့သည် ကင်ညာနိုင်ငံ၌ ဖြစ်ပေါ်နေသည့် နိုင်ငံရေးမငြိမ်မသက်မှုများကြောင့် လာရောက်လေ့ကျင့်မည့်အစီအစဉ်များကို ဖျက်သိမ်းလိုက်ကြောင်း ကင်ညာနိုင်ငံ အိုလံပစ်အားကစားအရာရှိက ပြောကြားသည်။

ကင်ညာနိုင်ငံ၌ ပြည်တွင်းနှင့် နိုင်ငံတကာအားကစားပွဲများ ကျင်းပရန်ရှိနေသော်လည်း နိုင်ငံတွင်း၌ ဆူပူမှုများ ဖြစ်ပွားနေသဖြင့် အားကစားပွဲအစီအစဉ်များ ဖျက်သိမ်းရသည့်အပြင် ပြည်တွင်းအားကစားသမားများ၏ လေ့ကျင့်မှုအခြေအနေကိုလည်း ထိခိုက်စေခဲ့ကြောင်း ကင်ညာအိုလံပစ်ကော်မတီဥက္ကဋ္ဌ ကီချိုဂီကီနိုက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသည်။

စကော့တလန်နိုင်ငံ အီဒင်ဘာ့ဂ်မြို့တွင် ပြုလုပ်သော ကမ္ဘာ့နိုင်ငံဖြတ်ကျော်ပြေးပွဲ၌ ကင်ညာနိုင်ငံက ဗိုလ်စွဲခဲ့သည်။ ယခုအခါ ကင်ညာအားကစားသမားများ လေ့ကျင့်မှုမရသဖြင့် ပေကျင်းအိုလံပစ်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် အခက်အခဲရှိနိုင်သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကင်ညာနိုင်ငံ မာသာရီဒေသတွင် အဓိကရုဏ်းဖြစ်နေသည်ကို ဇန်နဝါရီ ၂၁ ရက်က တွေ့ရစဉ်။

အမေရိကန်သမ္မတလောင်း အခြေခံအဆင့်ရွေးပွဲ ကယ်လီဖိုးနီးယားတွင် ကလင်တန်က အသာရမည့် အခြေအနေရှိ

ဆန်ဖရန်စစ္စကို ဇန်နဝါရီ ၂၃

ဒီမိုကရက်တစ်ပါတီ၏ သမ္မတလောင်းအဖြစ် အရွေးချယ်ခံမည့် ဟီလာရီကလင်တန်သည် ဘာရက်အိုဘားမားနှင့် ယှဉ်ပြိုင်လျက်ရှိရာ လူထုသဘောထားဆန္ဒ ကောက်ယူပွဲရလဒ်များအရ ကလင်တန်က အသာရနေသည်ကို တွေ့ရကြောင်း ဇန်နဝါရီ ၂၂ ရက်တွင် ထုတ်ပြန်သည့် လေ့လာချက်၌ ဖော်ပြထားသည်။

အလားအလာရှိ

ကယ်လီဖိုးနီးယားလူထု၏ ၃၉ ရာခိုင်နှုန်းက နယူးယောက် ဆီးနိတ်အမတ် ကလင်တန်ကို မဲပေးရန်ရှိကြောင်း သိရပြီး မဲဆန္ဒရှင် ၂၇ရာခိုင်နှုန်းက အိုဘားမားကို ထောက်ခံကြောင်း တွေ့ရသည်။ အိုဘားမားသည် အီလီနွိုက်ပြည်နယ် ဆီးနိတ်အမတ်ဖြစ်သည်။ ယှဉ်ပြိုင်သူ ဂျွန်အက်ဒွပ်မှာမူ မဲဆန္ဒရှင်အရေအတွက်၏ ၁၀ ရာခိုင်နှုန်း ထောက်ခံချက်သာရရန် အလားအလာရှိသည်ဟု ဆိုသည်။

ဆုံးဖြတ်ချက် မပြတ်သား

ကယ်လီဖိုးနီးယားပြည်နယ်၏ အကြိုအဆင့် အခြေခံသမ္မတလောင်းရွေးပွဲကို ဖေဖော်ဝါရီ ၅ ရက်တွင် ကျင်းပရန်ရှိသည်။ မဲဆန္ဒပေးမည့်သူများအနက် ၂၀ ရာခိုင်နှုန်းသည် မည်သူ့ကို မဲပေးရမှန်းမသိဘဲ ဆုံးဖြတ်ချက် မပြတ်မသားရှိနေသည်။

ရှုမြင်

အိုဘားမားနှင့် ကလင်တန်တို့ နှစ်ဦးစလုံးကို မဲဆန္ဒရှင်များက အလေးထားကြသည်။ သို့သော် အများစုက ကလင်တန်ကို အတွေ့အကြုံရှိသူအဖြစ် ရှုမြင်ကြသည်ဟုဆိုသည်။

အမ်အင်အေ၊ ရိုက်တာ။

ဒီမိုကရက်တစ်ပါတီမှ အမေရိကန်သမ္မတလောင်းအဖြစ် အကြိုအခြေခံရွေးချယ်ပွဲ၌ ပါဝင်ယှဉ်ပြိုင်သူ ဘာရက်အိုဘားမား။

အမေရိကန်သမ္မတလောင်းအဖြစ် အကြိုအခြေခံရွေးချယ်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သူ ဒီမိုကရက်တစ်ပါတီမှ ဆီးနိတ်အမတ် ဟီလာရီကလင်တန်။

အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ဘဂ္ဂဒက် ဇန်နဝါရီ ၂၂

အီရတ်နိုင်ငံအလယ်ပိုင်းတွင် ဇန်နဝါရီ ၁၉ရက်က မတော်တဆဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္လာနေ့တွင် ပြောကြားသည်။

အီရတ်စစ်ပွဲ စတင်ချိန်မှ ယနေ့အထိ အီရတ်နိုင်ငံတွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၉၂၅ဦး ရှိပြီဖြစ်ကြောင်း ပင်တဂွန်စစ်ဌာနချုပ် အစီရင်ခံစာတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂါဇာဒေသခံပြည်သူ ထောင်ပေါင်းများစွာ နယ်စပ်ဖြတ်ကျော်၍ အီဂျစ်သို့ဝင်ရောက် စားသောက်ကုန်နှင့် လောင်စာများဝယ်ယူ

ဂါဇာ ဇန်နဝါရီ ၂၃

အရှေ့အလယ်ပိုင်းဒေသတွင် အစ္စရေး၊ ပါလက်စတိုင်းနှင့် အစ္စလာမ္မစ်ဟားမတ်စ်အဖွဲ့တို့ အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ ဂါဇာကမ်းမြောင်ဒေသကို အစ္စလာမ္မစ် ဟားမတ်စ်အဖွဲ့က သိမ်းပိုက်ခဲ့ပြီးနောက် အစ္စရေးက ဇန်နဝါရီ ၁၇ ရက်မှစ၍ ဂါဇာကမ်းမြောင်ဒေသသို့ ဦးတည်သွားရောက်သည့် လမ်းပန်းအဆက်အသွယ်အားလုံးကို ပိတ်ဆို့ဖြတ်တောက်လိုက်သည်။ ထို့ပြင် ဟားမတ်စ်တို့က အစ္စရေးနိုင်ငံအတွင်းသို့ ဒုံးကျည်များဖြင့် ပစ်ခတ်တိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသသို့ အခြေခံစားသောက်ကုန်များနှင့် လောင်စာသယ်ယူမှုကိုပါ ပိတ်ပင်ခဲ့သည်။

ဂါဇာဒေသရှိ ပင်မဓာတ်အားပေးစက်ရုံကြီးတွင် လောင်စာပြတ်လပ်မှုကြောင့် ဓာတ်အား ဖြန့်ဖြူးမှုများ ပြတ်တောက်ကာ မှောင်အတိကျခဲ့ကြသည်။

ဂါဇာဒေသနေပြည်သူများမှာ အခြေခံစားသောက်ကုန်၊ လူသုံးကုန်များ ပြတ်လပ်ခြင်း၊ လောင်စာများ ပြတ်လပ်ခြင်းတို့ကြောင့် ပြည်သူထောင်ပေါင်းများစွာတို့သည် နယ်စပ်ကိုဖြတ်ကျော်ကာ အီဂျစ်နိုင်ငံအတွင်းသို့ ဝင်ရောက်၍ အစားအသောက်နှင့်လောင်စာများ ဝယ်ယူလျက်ရှိနေကြသည်။ ***အင်တာနက်။***

အာဖဂန်ရဲတပ်ဖွဲ့က တာလီဘန်ပြောက်ကျား ခေါင်းဆောင်ဦးကိုသတ်ဖြတ်ခဲ့

ကဘူးလ် ဇန်နဝါရီ ၂၃

အာဖဂန်ရဲတပ်ဖွဲ့က ကန်ဒါဟာပြည်နယ်မှ တာလီဘန် တပ်မှူးနှစ်ဦး အပါအဝင် တာလီဘန် စစ်သွေးကြွခေါင်းဆောင်ဦးကို သတ်ဖြတ်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဒေသခံတာလီဘန်တပ်ရင်းမှူးဖြစ်သည့် မူလာဇူကရီယာနှင့် မူလာအဂါဂျန် အပါအဝင် လူလေးဦးသည် ကန်ဒါဟာပြည်နယ် ဂျလိုင်ခရိုင်ရှိရဲတပ်ဖွဲ့နှင့် အဆက်အသွယ်ပြုလုပ်ရန် ဇန်နဝါရီ ၂၀ရက်က လာရောက်ကြသည်ဟု သတင်းထုတ်ပြန်ချက်တွင် ပါရှိသည်။

ရဲတပ်ဖွဲ့က အနီးအပါးရှိဘာဂန်ဒက်ခရိုင်မှ တာလီဘန်ပြောက်ကျားများနှင့် အဆက်အသွယ်ရှိသည်ဟု စွပ်စွဲချက်ဖြင့် သင်္ကာမကင်းသူ အများအပြားကိုလည်း ဖမ်းဆီးခဲ့သည်ဟုဆိုသည်။ ရဲတပ်ဖွဲ့က အာဖဂန်စစ်တပ်၊ အမေရိကန် ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့တို့၏အကူအညီဖြင့် ပက်တီယာပြည်နယ်၌ တနင်္လာနေ့တွင် စီးနင်းမှုများ ပြုလုပ်ခဲ့သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဟားမတ်စ်တို့ ဒုံးကျည်ဖြင့် ပစ်ခတ်မှုရပ်ဆိုင်းရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး တိုက်တွန်း

မော်စကို ဇန်နဝါရီ ၂၃

ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတို့ ပိတ်ဆို့မှုမလုပ်ရန်နှင့် ဟားမတ်စ်တို့ကလည်း အစ္စရေးမြို့များသို့ ဒုံးကျည်များဖြင့် ပစ်ခတ်မှုကို ရပ်တန့်ကြရန် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလာရိုဗ်က တိုက်တွန်းခဲ့သည်။

လာရိုဗ်နှင့် ဂါဇာကမ်းမြောင်ကို ထိန်းချုပ်ထားသည့် ပါလက်စတိုင်းစစ်သွေးကြွ ဟားမတ်စ်အဖွဲ့ ခေါင်းဆောင်တစ်ဦးဖြစ်သူ ခါလက်မာရှယ်တို့ ဇန်နဝါရီ ၂၁ ရက်က ဖုန်းဖြင့် ဆက်သွယ်ပြောကြားခဲ့သည်ဟု ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန ဝက်ဘ်ဆိုက်၌ တင်ထားသည်။

ဂါဇာကမ်းမြောင်ကို အစ္စရေးတို့က စားနပ်ရိက္ခာနှင့် လောင်စာများ သယ်ယူခွင့်ပိတ်ထားမှုသည် ပါလက်စတိုင်းပြည်သူများ၏ စားဝတ်နေရေး ဖြေရှင်းပေးရာမရောက်သည့်အတွက် အစ္စရေးတို့၏ ဂါဇာကမ်းမြောင်သို့ သွားလာခွင့်ပိတ်ထားခြင်းကို ဖယ်ရှားပေးရန် ရုရှားနိုင်ငံခြားရေးဝန်ကြီးက အလေးထား တိုက်တွန်းခဲ့သည်။

ထိုသို့ဆောင်ရွက်မှုနှင့်အတူ အကြမ်းဖက်မှု၊ အုံကြွမှုနှင့် လက်နက်ကိုင်ထိပ်တိုက်ရင်ဆိုင်မှုတို့ ရပ်တန့်သွားရန် စီးပွားဘက်အဖွဲ့များအနေဖြင့် အားစိုက်လုပ်ဆောင်သင့်ကြောင်း၊ သို့မှသာ ပါလက်စတိုင်း-အစ္စရေးနိုင်ငံရေးပြဿနာကို ပြေလည်အောင် ဆောင်ရွက်ရာရောက်ကြောင်း ဝက်ဘ်ဆိုက်၌ ဖော်ပြထားသည်။ ***အမ်အင်အေ။***

အစ္စရေးနိုင်ငံတွင်းသို့ ဒုံးကျည်ဖြင့် ပစ်ခတ်ရန် ပြင်ဆင်နေသော ပါလက်စတိုင်း လက်နက်ကိုင်များအား ဂါဇာဒေသ၌ ဇန်နဝါရီ ၂၁ရက်က တွေ့ရစဉ်။

အီရတ်၌ ဗုံးပေါက်ကွဲ၍ ခုနစ်ဦး သေ၊ ၇၀ ဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၂၃

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့ လူနေရပ်ကွက်ရှိ အဆောက်အအုံတစ်ခုတွင် ဇန်နဝါရီ ၂၃ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ လူခုနစ်ဦးထက်မနည်း သေဆုံးပြီး ၇၀ကျော် ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်နိုင်ငံရှိ အယ်လ်ခိုင်ဒါစစ်သွေးကြွများ ကြီးစိုးရာဒေသဖြစ်သည့် မိုဆူးလ်မြို့တွင် အကြီးမားဆုံးပေါက်ကွဲမှုတစ်ခုဖြစ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူက ပြောကြားသည်။

ယင်းပေါက်ကွဲမှုကြောင့် သေကျေဒဏ်ရာရရှိသူအများစုမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြောင်း၊ သေဆုံးသူအရေအတွက်တိုးလာနိုင်ကြောင်းရဲတပ်ဖွဲ့က ထပ်လောင်းပြောကြားသည်။ ပေါက်ကွဲမှုဖြစ်ပွားသည့်အဆောက်အအုံတွင် လက်နက်အများအပြား သိုလှောင်ထားသည်ဟု သတင်းရရှိသဖြင့် ရဲတပ်ဖွဲ့ဝင်များက ရှာဖွေမှုများပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အင်တာနက်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E.Mr. Sitaheng Rasphone တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမတွင်ဆွေးနွေးကြစဉ်။(သတင်းစဉ်)

မြန်မာ-လာအို နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sitaheng Rasphone နှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၉ နာရီတွင် လေကြောင်းခရီးဖြင့် နေပြည်တော်သို့ရောက်ရှိလာကြရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Sitaheng Rasphone တို့သည် မွန်းလွဲ ၁ နာရီခွဲတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ မြန်မာ-လာအို နှစ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်ရန် ဆွေးနွေးကြရာ ဝန်ကြီးဗိုလ်ချုပ်ဌေးဦးက နှစ်နိုင်ငံ ပူးပေါင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်ရေးနှင့် ရှိပြီးဖြစ်သည့် မြန်မာ-လာအို နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာအောင်ဆောင်ရွက်ရေး ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဧည့်သည်တော် ဝန်ကြီး H.E.Mr. Sitaheng Rasphone က မြန်မာနိုင်ငံမှ လာအိုနိုင်ငံ လယ်ယာကဏ္ဍအတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ကူညီဆောင်ရွက်ပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်းနှင့် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အခြေခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်နေသည်ကို လေ့လာမြင်တွေ့ခဲ့ရပါကြောင်း၊ နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများကိုလည်း တိုးမြှင့်ဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားပြီး ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ကိုယ်စားလှယ် အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ညနေပိုင်းတွင် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းတို့က ဧည့်သည်တော် ဝန်ကြီးနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော် ဟိုတယ်ဇုန်ရှိ ရွှေနန်းတော်ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံကြသည်။

ဧည့်သည်တော် ဝန်ကြီးနှင့် ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြရာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဇနီး ဒေါ်နီနီဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ (သတင်းစဉ်)

(၁၆)ကြိမ်မြောက် တွံတေးအထက အာစရိယပူဇော်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း တွံတေးမြို့နယ် အစိုးရ အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၃ရက်က အဆိုပါကျောင်း ယုဇနခန်းမ၌ ကျင်းပရာ တွံတေးမြို့ အစိုးရ အထက်တန်းကျောင်းတွင် သင်ကြားပို့ချပေးခဲ့ကြသော အငြိမ်းစား ဆရာ၊ ဆရာမကြီး ၈၃ ဦး တက်ရောက်ပူဇော် ကန်တော့ခံကြသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသားဟောင်း ဦးကျော်ညွန့်က အာစရိယပူဇော်ပွဲ အကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများ(**အပေါ်ပုံ**)က လက်အုပ်ချီမိုး ရှိခိုးကြသည်။

ဆက်လက်၍ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာကြီး ဦးရွှေရက ဩဝါဒစကားပြောကြားသည်။

ထို့နောက် အာစရိယပူဇော်ပွဲအတွက် ထာဝရငွေပဒေသာပင်များကို အလှူရှင်များက လှူဒါန်းပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (က-ပ)

ကြေးမုံ The Mirror ဘို

ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အများဆုံး ထုတ်လွှတ်သည့် နိုင်ငံ

ကမ္ဘာ့လေထုကို ညစ်ညမ်းစေပြီး ကမ္ဘာ့ရာသီဥတုကို ဖောက်ပြန်ပျက်စီးစေသည့်ဓာတ်ငွေ့မှာ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ဖြစ်သည်။ ကမ္ဘာပေါ်တွင် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ အများဆုံး ထုတ်လွှတ်သော နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်ပြီး ၂၀၀၄ ခုနှစ်က ကာဗွန်ဒိုင်အောက်ဆိုက် ဓာတ်ငွေ့တန်ချိန် (၆) ဘီလီယံ ထုတ်လွှတ်ခဲ့ကြောင်း ကမ္ဘာ့ဂင်းနစ်မှတ်တမ်းစာအုပ်၌ ဖော်ပြပါရှိသည်။

ကြေးမုံ The Mirror အင်တာနက် ကျန်းမာရေးသတင်း

အစိမ်းရောင်ဘရိုကိုလီပန်းဂေါ်ဖီကိုစားသုံးလျှင် နှလုံးကြွက်သားများသန့်စွမ်းရေး အထောက်အကူပြုနိုင်

ဝါရှင်တန် ဇန်နဝါရီ ၂၃

အစိမ်းရောင်ပန်းဂေါ်ဖီ (ဘရိုကိုလီ) သည် ကင်ဆာရောဂါဖြစ်ပွားမှုကို တားဆီးပေးနိုင်သော ဒြပ်ပေါင်းများ ပါဝင်နိုင်သည့်အပြင် ယင်းကိုစားသုံးခြင်းဖြင့် နှလုံးရောဂါဖြစ်ပွားမှုကိုလည်း အကာအကွယ်ပေးနိုင်ဖွယ်ရာရှိကြောင်း သုတေသီများက ပြောကြားသည်။

လေ့လာကြည့်

အစိမ်းရောင်ပန်းဂေါ်ဖီမှ ထုတ်ယူထားသော ဓာတ်ပစ္စည်းပါသည့် အစားအစာကို အချိန်တစ်လကြာ ပထမအုပ်စုကြွက်များကို စားသုံးစေပြီးနောက် ယင်းတို့၏နှလုံးရှိ ကြွက်သားများ၏ အခြေအနေကို တိုင်းတာကြည့်သည်။ အစိမ်းရောင်ပန်းဂေါ်ဖီမပါသော အစားအစာကို စားသုံးရသည့် ဒုတိယအုပ်စု ကြွက်များ၏ နှလုံးကြွက်သားများနှင့် ပထမအုပ်စု ကြွက်များ၏ အခြေအနေကိုနှိုင်းယှဉ်လေ့လာကြည့်သည်။

ဓာတ်ပစ္စည်းများပါဝင်

ထိုအခါ အစိမ်းရောင်ပန်းဂေါ်ဖီကိုစားသုံးရသော ကြွက်များ၏ နှလုံးသား အခြေအနေမှာ ပို၍ကောင်းမွန်နေသည်ကို တွေ့ရသည်။ ဘရိုကိုလီ ပန်းဂေါ်ဖီတွင်ပါဝင်သော ဓာတ်ပစ္စည်းများသည် နှလုံးကြွက်သားများကို အကာအကွယ်ပေးသော ဓာတ်ပစ္စည်းများပါဝင်နိုင်သည်ဟု စိုက်ပျိုးရေးနှင့် အစားအစာ ဓာတုဗေဒဂျာနယ်တွင် ဖော်ပြထားသည်။

အကယ်၍ ဘရိုကိုလီပန်းဂေါ်ဖီကို လိုအပ်သည်ထက် ကျက်အောင် ချက်ပြုတ်လိုက်ပါက အကျိုးပြုသော ဓာတ်ပစ္စည်းများ ဆုံးရှုံးသွားနိုင်ကြောင်း ကွန်နက်တီကတ်တက္ကသိုလ်မှ ပါမောက္ခ ဒီပတ်ဒတ်စ်က ပြောကြားသည်။

ဘရိုကိုလီ အစိမ်းရောင်ပန်းဂေါ်ဖီကိုစားသုံးလျှင် နှလုံးကြွက်သားများ သန်မာစေပြီး နှလုံးရောဂါကို ကာကွယ်နိုင်ဖွယ်ရာရှိကြောင်း တွေ့ရှိရသည်။
(ဓာတ်ပုံ-အင်တာနက်)

ဘရိုကိုလီ ပန်းဂေါ်ဖီကိုစားသုံးလျှင် ထိုအစားအစာတွင် ပါဝင်သော ဓာတ်ပစ္စည်းများက လူ့ခန္ဓာကိုယ်တွင် သိုင်ရိုဒေါက်ဆင်ခေါ် ဓာတ်ပစ္စည်းကို ထုတ်လုပ်ရန် အားပေးသည်ဟု ယူဆရသည်။ သိုင်ရိုဒေါက်ဆင် ဓာတ်ပေါင်းသည် နှလုံးကြွက်သားများ မပျက်စီးစေရန်အကာအကွယ်ပေးသည်ဟုဆိုသည်။

ထိုပန်းဂေါ်ဖီမျိုးကို ချက်ပြုတ်ရာတွင် ရေနွေးနှင့် ပွက်ပွက်ဆူအောင် တည်မည့်အစား ရေနွေးငွေ့ဖြင့်ပေါင်း၍ စားသုံးခြင်းက အာဟာရဓာတ်များ မပျက်စီးနိုင်ကြောင်း ပါမောက္ခ ဒီပက်ဒတ်စ်က ပြောကြားသည်။

အသီးအနှံများကို စားသုံးရာတွင် တစ်မျိုး၊ နှစ်မျိုးသာ မစားသုံးဘဲ အသီးအနှံ အမယ်စုံလင်စွာ စားသုံးခြင်းဖြင့် လူ့ကျန်းမာရေးကို ပို၍ အထောက်အကူ ဖြစ်စေနိုင်ကြောင်း ဗြိတိန် နှလုံးရောဂါဖောင်ဒေးရှင်းမှ ကျွမ်းကျင်သူ ဂျွန်ဒါဗီဆင်က ပြောကြားသည်။ ***အင်တာနက်။***

မော်လမြိုင်စက်မှုဇုန် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ရေး အစီအစဉ်အရ ဇန်နဝါရီ ၁၇ ရက်က မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှူး ရဲသူရိန် အောင်ဝင်းစိန်၊ မြို့နယ်မီးသတ် ဦးစီးဌာနမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးစိန်မြင့်တို့ ဦးဆောင်သော အဖွဲ့ စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများ၌ မီးသုံးစွဲမှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးကြစဉ်။
(ပြည်နယ်မီးသတ်တပ်ဖွဲ့)

မိဘရိပ် သာသနာ့ဗိမာန်တော် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲနှင့် အုတ်မြစ်စီမင်္ဂလာ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂၀)ရပ်ကွက်လုံးဆိုင်ရာ မိဘရိပ် သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၇ နာရီတွင် အဆိုပါရပ်ကွက် နယ်စပ်သာသနာပြု သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ဌာနဆိုင်ရာများ၊ အလှူရှင်မိသားစုများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက် ဒဂုံစိန်မိသားစုကငွေ ၉၉၉၉၉ကျပ်၊ မတည်အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ချမ်းမြေ့သီတဂူ ဦးနိုင်ဦး(မိဘရိပ်)နှင့် ဇနီး သီရိသုဓမ္မသီဂိ ဒေါ်အေးသိန်း၊ သား မောင်ထက်နေဦး၊ မောင်ညွန့်ဝင်းနိုင်၊ မောင်ထက်နိုင်ဝင်း(ခ) ခွန်ရွှေမြင့် (မိဘရိပ်သစ်စက်)မိသားစုက ငွေကျပ် သိန်း ၅၀၊ ဒေါက်တာ ဦးလှသိန်း-ဒေါ်ရီ(ထိုက်မိသားစု)က ငွေကျပ် ၁၅ သိန်း၊ ဦးစိန်ဝင်း-ဒေါ်ဝင်းယုသန်း (ယုဇနပလာဇာ ဒေါ်ဝင်းအထည်ဆိုင်) မိသားစုကငွေကျပ် ၁၀ သိန်း၊ ဒဂုံတောင်အမှတ်(၂၀)ရပ်ကွက်နေပြည်သူများက ငွေကျပ်ခုနစ်သိန်း၊ ဦးအောင်ဝင်း-ဒေါ်ရင်ရင်(စူဇူကီးကုမ္ပဏီ) မိသားစု၊ ဦးသန်းမြ-ဒေါ်အေးသန်း(မြဘုရင်နို့ဆီ) မိသားစု၊ ဦးခင်လတ်-ဒေါ်ဝင်း (အောင်ကျော်မိုးဆောက်လုပ်ရေး)မိသားစုတို့က ငွေကျပ်ငါးသိန်းစီ အပါအဝင် အလှူရှင်များက စုစုပေါင်းအလှူငွေကျပ် ၁၃၂သိန်းပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် တာဝန်ရှိသူများကလက်ခံကြသည်။

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်ကြီးတင်လှူပူဇော်ရန်အတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ၅၄ လမ်းနေ ဦးစံမြိုင်-ဒေါ်မြင့်မြင့်ကြည် မိသားစုက အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ဆက်လက်၍ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားကို မိဘရိပ် သာသနာ့ ဗိမာန်တော် တည်ဆောက်မည့် အောင်ဗောဓိစေတီတော် အနီး၌ ကျင်းပရာ မင်္ဂလာအချိန်တွင် ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က အုတ်မြစ်တော်အလယ်ဗဟိုနေရာ၌ ရတနာ နဝရတ်ကြုတ်ကို ထည့်သွင်းပေး၍ ဝန်ကြီးနှင့်တာဝန်ရှိသူများက အရပ်ရှစ်မျက်နှာ သတ်မှတ်နေရာများ၌ ရတနာအုတ်များကို စီပေးကြပြီး မော်ကွန်း ကမ္ပည်းကျောက်စာဖြင့် ဖုံးအုပ်ကာ အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

(သတင်းစဉ်)

သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ရတနာအုတ်မြစ်တော်စီမင်္ဂလာ အခမ်းအနားတွင် ရတနာအုတ်များကို စီပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

လုံးချင်းတိုက်များ အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်

နေပြည်တော် ဇန်နဝါရီ ၂၃

တောင်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ်(၈)နှင့်(၁၄)ရှိ မြသီတာ လုံးချင်းအိမ်ရာစီမံကိန်းမှလုံးချင်းတိုက် ၃၂လုံးကို အိတ်ပိတ်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ရာ အဆိုပါအဆောက်အအုံများစာရင်းကို နိုင်ငံတော်ပိုင် အဆောက်အအုံများ ရောင်းချရေးကော်မတီ ရုံးအမှတ်(၃၂) နေပြည်တော်၌လည်းကောင်း၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း အမှတ်(၂၂၈-၂၃၄)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ရန်ကုန်မြို့၌လည်းကောင်း ကြေညာထားမည်ဖြစ်သည်။

တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံတို့ကို ဇန်နဝါရီ ၂၅ရက်မှ ဖေဖော်ဝါရီ ၁၃ ရက်အထိ ရုံးချိန်အတွင်းတွင် နိုင်ငံတော်ပိုင်အဆောက်အအုံများရောင်းချရေးကော်မတီ ရုံးအမှတ်(၃၂)နေပြည်တော်နှင့် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန အမှတ်(၂၂၈-၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ရန်ကုန်မြို့တို့၌လည်းကောင်း၊ တင်ဒါကို နိုင်ငံတော် ပိုင်အဆောက်အအုံများ ရောင်းချရေးကော်မတီ ရုံးအမှတ်(၃၂) နေပြည်တော်၌လည်းကောင်း ဖေဖော်ဝါရီ ၁၄ရက်နံနက် ၁၀နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အဆောက်အအုံများ၏ တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို တစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ဖြင့် နေပြည်တော်၌လည်းကောင်း၊ ရန်ကုန်မြို့၌လည်းကောင်း ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပြည်ရေနံမြေတွင် ကြည့်ရှုစစ်ဆေးစဉ်။ (စွမ်းအင်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေး ပြည်ရေနံမြေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၃

စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် ဇန်နဝါရီ ၁၉ရက်တွင် ပြည်မြို့ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း၊ စက်သုံးဆီဆိုင် အမှတ်(၀၉၄၀)သို့လည်းကောင်း၊ နွားမယံစံပြကျေးရွာရှိ သိုလှောင်ဖြန့်ဖြူးရေးဌာနခွဲ(က)သို့ လည်းကောင်း သွားရောက်၍ ဝန်ထမ်းများအားတွေ့ဆုံကာ စက်သုံးဆီ ဖြန့်ဖြူးရေးဆိုင်ရာနှင့် မီးဘေးလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို အထူးဂရုစိုက် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားပြီး ဆိုင်နှင့်ဌာနခွဲ များအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပြည်ရေနံမြေသို့ သွားရောက်၍တွင်း အမှတ် PSC(၁၀၁)မှ သဘာဝဓာတ်ငွေ့ ထုတ်ယူနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် သဘာဝဓာတ်ငွေ့ ထိန်း/ဖြန့်စခန်းသို့ သွားရောက်၍ သဘာဝဓာတ်ငွေ့ပို့လွှတ်နေမှုများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် ဇန်နဝါရီ ၁၉ ရက်တွင် ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ တိုင်း၊ ခရိုင်နှင့် မြို့နယ် ခြောက်မြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား လည်းကောင်း၊ ဇန်နဝါရီ ၂၀ရက်တွင် သာယာဝတီခရိုင်အသင်းရုံး၌ မြို့နယ် ရှစ်မြို့နယ်တို့မှ အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအားလည်းကောင်း၊ လက်ပံတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ မြို့နယ်အလုပ်အမှုဆောင်များနှင့် ရပ်ကွက်/ကျေးရွာစည်းရုံး ရေးမှူးများအား လည်းကောင်း တွေ့ဆုံကာအသင်း၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ နယ်မြေဒေသဖွံ့ဖြိုးရေးလုပ်ငန်း၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် အသင်းဝင်များက တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်နှင့် အသင်းဝင်များ၏ တင်ပြချက်များအပေါ် ပြန်လည်ရှင်းလင်းဆွေးနွေးမှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထက(၂) ဒဂုံ(မြို့မ) (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက (၂) ဒဂုံ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၂၇ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံး တက်ရောက်ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ကျောင်းသား၊ ကျောင်းသူဟောင်းများဖြစ်ကြသော အောင်မိုးသိန်း(၁၉၇၉) ဖုန်း-၀၉၉၉၂၇၀၂၁၊ ၃၈၀၆၄၂၊ ၂၂၇၁၈၃၊ မဆွေမျိုးမြင့် (၁၉၈၀) ဖုန်း-၅၇၇၄၀၉၊ ဒေါက်တာ အောင်ကျော်လင်း၊ မစပါယ် (၁၉၈၃) (၁၉၈၅) ဖုန်း-၂၂၄၇၄၄၊ မစန်းစန်းဝင်း(၁၉၈၅) ဖုန်း-၃၈၃၇၃၇၊ ဒေါက်တာလှလှချို (၁၉၈၆) ဖုန်း-၀၉၅၁၅၉၁၇၀၊ တင်ရည်ရည်ဦး (၁၉၈၈) ဖုန်း-၅၂၄၃၀၀၊ ဗညားကောနန်(၁၉၉၀) ဖုန်း-၀၉၈၀၃၀၇၇၈၊ အောင်လင်းမြင့်(၁၉၉၀) ဖုန်း-၀၉၅၁၈၉၁၃၂၊ သူရ (မြို့မခင် ယပ်တောင်) (၁၉၉၅) ဖုန်း-၅၃၆၁၄၃၊ ကျော်မင်းဟန်(၁၉၉၉) ဖုန်း-၀၉၅၁၃၅၆၉၃ တို့ထံ ဆက်သွယ်လှူဒါန်းကြရန် အသိပေးနှိုးဆော်ထားသည်။ (က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၈ (ကြာသပတေးနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"မဟာကံထူးရှင်မှမဟာဉာဏ်ထူးရှင်သို့" တရားတော်(ပြည်တွင်းပြည်ပသာသနာပြုအောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၀၀-၂း၀၀	နိဗ္ဗာန်ဆီသို့---အမေးအဖြေများ
၈း၂၀-၂း၂၀	တေးဂီတအစီအစဉ်
၈း၂၅-၂း၂၅	လွင်မိုးခရီးသွားနေသည် (ချင်းပြည်နယ်ဆွေးနွေးခန်း)
၈း၅၅-၂း၅၅	မြတ်ဗုဒ္ဓ မဇ္ဈိမ၏အနှိုင်းမဲ့ရတနာ
၉း၁၅-၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅-၃း၂၅	တေးဂီတအစီအစဉ်
၉း၃၀-၃း၃၀	ပုညာရာမမိုးကုတ်ဝိပဿနာကျောင်းတိုက်မှ ဆရာတော် ဗဟုဇနဟိတဓရဓမ္မကထိက"အရှင်ပုညာနန္ဒ"၏သာသနာပြုပုံတစေ့တစောင်း
၁၀း၀၀-၄း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၀၅-၄း၀၅	လူငယ်ထုအကျိုးတစ်ဖက်တစ်လမ်းမှသယ်ပိုးပြည်ခိုင်ဖြိုး
၁၀း၁၅-၄း၁၅	ပြည်တွင်းအနုပညာရေးရာ
၁၀း၄၀-၄း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၅-၅း၀၅	သင်ယူလေ့လာဂီတပညာ(ကိုစိုင်း)(အပိုင်း-၂၅)
၁၁း၄၀-၅း၄၀	တေးဂီတအစီအစဉ်
၁၁း၄၅-၅း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ရေငုံနှုတ်ပိတ် (DVD)"
၁၂း၂၀-၆း၂၀	နေခြည်ဖျန်း၍လန်းသည့်ပန်း
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Africa Cup of Nations(2008) ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁၁း၃၀	Guinea-Morocco	Euro Sport(Live)
၂း၀၀	Ghana-Namibia	Euro Sport(Live)

ဥတုရာသီ တောကိုမှီ၏

တိုင်းရင်းသားပြည်သူအားလုံး ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီပူးပေါင်းပါဝင်

ပေးအပ် ချီးမြှင့်

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော်၊ မိုးမောက်၊ ရွှေကူနှင့် မံစီမြို့နယ်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

❒ ရှေ့ဖုံးမှ

နှမ်းစပါး၊ မိုးစပါးလျာထားချက်နှင့် စိုက်ပျိုးမှု၊ အဓိကသီးနှံ ၁၀ မျိုးအနက် ဝါမှအပ ကျန်သီးနှံကိုးမျိုး ပန်းတိုင်အထွက်တိုးရေးဆောင်ရွက်မှု၊ ဆည်မြောင်းတာတမံနှင့် တစ်ပိုင်တစ်နိုင် ချောင်းပိတ်မြောင်းပိတ်လုပ်ငန်းများ၊ ဆီထွက်သီးနှံစိုက်ပျိုးမှု၊ ဒေသဝမ်းစာဖူလုံမှု၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် စီမံရေးရာကိစ္စများနှင့် မိုးနဲချောင်းဝန်းကျင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ မိမိတို့အဖွဲ့သည် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များရှိပါက ဖြည့်ဆည်းဆောင်ရွက်ပေးရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဗန်းမော်ခရိုင်သည် တစ်ဖက်နိုင်ငံနှင့် နယ်မြေချင်းထိစပ်လျက်ရှိသဖြင့် အရေးပါသည့် ခရိုင်တစ်ခုဖြစ်သည်နှင့်အညီ နိုင်ငံတော်တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ဗန်းမော်ခရိုင်၏ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျကျန်ရစ်မနေရအောင် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခုတွင် ဗန်းမော်ဒေသကို ထည့်သွင်းသတ်မှတ်ပြီး ဒေသအတွင်း ပညာရေး၊ ကျန်းမာရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များကို စီမံဆောင်ရွက်ပေးခဲ့ကြောင်း။

ဖွံ့ဖြိုးရေးဒေသကြီးတစ်ခုစီတွင်ပါဝင်သည့် တက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ခုတင်(၂၀၀)ဆံ့ အထူးကုဆေးရုံ တစ်ရုံစီကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့ကြောင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရန် ယခင်က ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အမှီပြုဆက်သွယ်သွားလာနေရာမှ ယနေ့ဆိုလျှင် မန္တလေး-တကောင်း-ဗန်းမော် ကားလမ်းနှင့် မန္တလေး-လားရှိုး-ဗန်းမော် ကားလမ်းများ ဖောက်လုပ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းမှ ရထားလမ်းဖောက်လုပ်ပြီး ကသာမှ ဗန်းမော်အထိ ရထားလမ်းကိုလည်း ဖောက်လုပ်နေပြီဖြစ်ကြောင်း၊ ထို့အပြင် ဗန်းမော်လေယာဉ်ကွင်းကိုလည်း အဆင့်မြှင့်တင် ဆောင်ရွက်ပေးပြီးကြောင်း။

ဗန်းမော်ခရိုင်အနေဖြင့် ဆန်စပါးမှအပ ကျန်သီးနှံစုံနှင့် သားငါးပေါကြွယ်သည့် ခရိုင်တစ်ခုဖြစ်ကြောင်း၊ ဒေသဝမ်းစာအတွက် ဆန်စပါးစိုက်ပျိုးရန် မြေနေရာအများအပြားကျန်ရှိနေသေးသည့် ခရိုင်တစ်ခုဖြစ်၍ ဒေသဝမ်းစာဖူလုံရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်နယ်နှင့် ပြည်မ၊ တောင်တန်းနှင့် မြေပြန့်မခွဲခြားဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံပြီး ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ တိုင်းရင်းသားအားလုံး လူနေမှုအဆင့်အတန်း မြင့်မားတိုးတက်လာစေရအောင် လိုအပ်သည့်စီမံကိန်းများကို အကွက်ချ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့ကြောင့် မိမိတို့နိုင်ငံ့တာဝန်ယူစကပင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကိုအခြေခံပြီး ငြိမ်းချမ်းရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်နိုင်ခဲ့သဖြင့် နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှုများ ဖြစ်ထွန်းလာခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တည်ငြိမ်အေးချမ်းလာသည့် နယ်စပ်ဒေသများ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း၊ ထို့အပြင် ဝန်ကြီးချုပ် ဦးဆောင်သည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသစ်တစ်ခုကိုပါ သီးခြားဖွဲ့စည်းပြီး နယ်စပ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာစေရန် ဖိဖိစီးစီးဆောင်ရွက်ပေးခဲ့သဖြင့် ယခုဆိုလျှင် နယ်စပ်ဒေသရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးလာသကဲ့သို့ နယ်စပ်မြို့များလည်း ခေတ်မီမြို့ပြအသွင်အပြင်များဖြင့် စည်ပင်ထွန်းကားလာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ဖိဖိစီးစီး ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသများ၏ ရုပ်ပိုင်းဆိုင်ရာ အသွင်သဏ္ဌာန် တိုးတက်ပြောင်းလဲမှုသာမက တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်လည်း ပိုမိုခိုင်မာဖွံ့ဖြိုးလာသည်ကို တွေ့ရှိရကြောင်း။

ထို့အပြင် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်ရန်မှာ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံဖြစ်သဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း၊ ယခုဆိုလျှင် ကျေးလက်ဒေသများ၏ အခြေအနေသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယနေ့ မိမိတို့ဆောင်ရွက်လျက်ရှိသည့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများသည် ကဏ္ဍတစ်ရပ်ဖွံ့ဖြိုးတိုးတက်မှုအတွက်သာ ဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည့် ဘက်စုံ၊ ကဏ္ဍစုံက ဟန်ချက်ညီညီ တစ်ပြိုင်နက်တည်း တိုးတက်လာစေရန် ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် လုပ်ငန်းပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအပိုင်းမှာလည်း များစွာကြီးမားကျယ်ပြန့်ကြောင်း။

ထို့ကြောင့် နိုင်ငံတော်ကြီးကို ဘက်စုံ၊ ကဏ္ဍစုံက လျင်လျင်မြန်မြန် ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ တက်ညီလက်ညီ ဆက်လက်ကြိုးပမ်းသွားကြရန် တိုက်တွန်းလိုကြောင်း။

ယခုကဲ့သို့ နိုင်ငံတော်အစိုးရက ပြည်နယ်နှင့်တိုင်းရှိ ဒေသအားလုံး နယ်စပ်ဒေသများပါမကျန် ဖွံ့ဖြိုးရေးကို ဆောင်ရွက်ပေးနိုင်သည်မှာလည်း နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ဖြစ်ထွန်းနေမှုကြောင့်ပင်ဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံးကလည်း တာဝန်သိသိဖြင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အခြေခံကောင်းများ မပျက်ယွင်းစေရအောင် ဝိုင်းဝန်းစောင့်ရှောက် ထိန်းသိမ်းသွားကြရန် မှာကြားလိုကြောင်း။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်စီးပွားရေးအခြေခံကောင်းများ ရရှိရေးအတွက် ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားလိုပါကြောင်း၊ လူ့ဘဝ၏ အဓိကလိုအပ်ချက်မှာ စားရေး၊ ဝတ်ရေး၊ နေရေးပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တော၊ တောင်ရာသီဥတုနှင့် သဘာဝသယံဇာတ ဖြစ်ထွန်းတည်ရှိနေမှုမှာ အခြေခံကောင်းများဖြင့် ပြည့်စုံသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မိမိနိုင်ငံ၏ ရေခံ၊ မြေခံ၊ သဘာဝအခြေခံကောင်းများကို လက်တွေ့ကျကျအသုံးချပြီး နိုင်ငံတော်နှင့် ပြည်သူများ၏ ရေရှည်အကျိုးဖြစ်ထွန်းစေရအောင် အစီအမံများ တစ်ခုပြီးတစ်ခု ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်နှင့်ပြည်သူများ၏ စီးပွားတိုးတက်ဖြစ်ထွန်းရေးအတွက် အဓိကထောက်ကူပေးမည့် ဆည်မြောင်း၊ တာတမံ၊ ကားလမ်း၊ ရထားလမ်း၊ ဆိပ်ကမ်း၊ လေယာဉ်ကွင်းများကိုလည်းကောင်း၊ ပညာရေးနှင့်ကျန်းမာရေး တိုးတက်ကောင်းမွန်ရေးအတွက် တက္ကသိုလ်၊ ကောလိပ်၊ စာသင်ကျောင်းနှင့် ဆေးရုံ၊ ဆေးပေးခန်း စသည့် အခြေခံအဆောက်အအုံများကိုလည်းကောင်း နိုင်ငံတော်၏ တစ်နံတစ်လျား ဖြန့်ကြက်တည်ဆောက်ပေးလျက်ရှိကြောင်း။

တိုင်းရင်းသားပြည်သူများအနေဖြင့် နိုင်ငံတော်အစိုးရက ဖော်ဆောင်ပေးထားသည့် အခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာရေးကို ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

ထို့အပြင် **နိုင်ငံတစ်နိုင်ငံ ချမ်းသာကြွယ်ဝမှုအတွက် စက်မှုထွန်းကားရေးသည် အဓိကကျကြောင်း၊ စက်မှုစွမ်းအား ပြည့်ထွန်းကားဆိုသကဲ့သို့ နိုင်ငံပိုင်နှင့် ပုဂ္ဂလိကပိုင်စက်မှုလုပ်ငန်းများ ခေတ်မီထွန်းကားလာစေရန် နိုင်ငံတော်အစိုးရက နည်းလမ်းမျိုးစုံဖြင့် တွန်းအားပေး မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၈၈ခုနှစ်က နိုင်ငံပိုင်စက်ရုံ ၆၂၄ ရုံနှင့် ပုဂ္ဂလိကပိုင်စက်ရုံ ၃၅၀၀၀ ရှိခဲ့ရာမှ ယနေ့ဆိုလျှင် နိုင်ငံပိုင်စက်ရုံ ၇၉၁ ရုံနှင့် ပုဂ္ဂလိကစက်ရုံ တစ်သိန်းကျော် ရှိလာနေပြီဖြစ်ကြောင်း၊ ယခင်ကထက် ကုန်ထုတ်လုပ်မှု ရှစ်ဆတိုးပြီး ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း။**

ယင်းကဲ့သို့ စက်မှုကဏ္ဍတိုးတက်လာခြင်းနှင့် လူနေမှုအဆင့်အတန်း မြင့်မားလာခြင်းတို့နှင့်အတူ တစ်ပါတည်းလိုအပ်လာသည့် လျှပ်စစ်နှင့် စွမ်းအင် ဖူလုံပြည့်စုံရေးအတွက်ကိုလည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ထို့အပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ မြင့်မားရေးသည်လည်း အဓိကအရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးနှင့် လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာအောင် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ကျေးလက်ဒေသနှင့် မြို့နေသူများအပါအဝင် ဒေသအားလုံးရှိ လူငယ်လူရွယ်များအတွက် အခြေခံပညာ၊ အဆင့်မြင့်ပညာ၊ သိပ္ပံနှင့် နည်းပညာရပ်များကို မိမိဒေသအတွင်း၌ပင် လွယ်လွယ်ကူကူ သင်ယူတတ်မြောက်စေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆရာ၊ ဆရာမများအပိုင်းကလည်း မိမိတို့တပည့်များကို အရည်အသွေးပြည့်ဝသည့် အသိပညာရှင်၊ အတတ်ပညာရှင်များအဖြစ်သာမကဘဲ အကျင့်စာရိတ္တကောင်းမွန်သူများ၊ စည်းကမ်း၊ ဥပဒေလိုက်နာသူများ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်သည့် နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

ထို့အပြင် လူသားတိုင်း လိုချင်တောင့်တသည့် ကျန်းကျန်းမာမာဖြင့် အနာရောဂါကင်းပြီး အသက်ရှည်ရှည်နေထိုင်ရေးဆိုသည့် မျှော်လင့်ချက်များ ပြည့်စုံရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဒေသအနှံ့အပြားတွင် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့တည်ဆောက်ပေးခြင်း၊ ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခြင်း၊ ဆေးဝါးစက်ရုံများ တည်ဆောက်ပေးခြင်း စသည့် ကျန်းမာရေးဆိုင်ရာ အခြေခံကောင်းများ ရရှိစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ဆရာဝန်၊ ဆရာမများအပိုင်းကလည်း ပြည်သူများအား ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးသွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရ၏ ယနေ့ဆောင်ရွက်ချက်များဖြစ်သည့် နိုင်ငံတည်ငြိမ်အေးချမ်းရေး၊ စီးပွားရေးခိုင်မာတောင့်တင်းရေး၊ ပြည်သူအများ ပညာရည်မြင့်မားရေးဆောင်ရွက်ချက်များသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်များဖြစ်သည်သာမက ပြည်သူများ လိုလားတောင့်တသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်ထွန်းရေးအတွက် အခြေခံလိုအပ်ချက်များလည်း ဖြစ်ကြောင်း။

ယနေ့အခါတွင် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မူဝါဒလမ်းစဉ်(၇)ရပ်အနက် အရေးအကြီးဆုံးနှင့် အဓိကအကျဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးကို အခက်အခဲ၊ အနှောင့်အယှက်အမျိုးမျိုးကြားက ပြီးမြောက်အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ညီလာခံကိုယ်စားလှယ်အစုအဖွဲ့(၈)ခုမှ တိုင်းရင်းသားကိုယ်စားလှယ် ၁၀၀၀ကျော်တို့က စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံမူများကို ချမှတ်နိုင်ခဲ့ကြောင်း၊ ယခုအခါ မူဝါဒလမ်းစဉ်(၇)ရပ်အနက် တတိယအဆင့်ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲလျက်ရှိကြောင်း။

ထို့ကြောင့် တိုင်းရင်းသားပြည်သူအားလုံးအနေဖြင့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ညင်သာချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက်၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တက်ညီလက်ညီ ပူးပေါင်းပါဝင်ကြရန် မှာကြားလိုကြောင်း။

မြန်မာနိုင်ငံသည် ပြည်နယ်နှင့်တိုင်းများဖြင့် ဖွဲ့စည်းထားပြီး တိုင်းရင်းသားမျိုးနွယ်ပေါင်း ၁၀၀ ကျော်တို့ ရှေးနှစ်ပေါင်းများစွာကပင် ချစ်ကြည်ရင်းနှီးစွာ အတူတကွ စုပေါင်းနေထိုင်လာသည့် ပြည်ထောင်စုနိုင်ငံကြီးဖြစ်ကြောင်း၊ပြည်ထောင်စုကြီး အဓွန့်ရှည်ကြာစွာ တည်တံ့ခိုင်မြဲရေးနှင့် ထာဝရငြိမ်းချမ်းသာယာရေးအတွက် တိုင်းရင်းသားအားလုံးအနေဖြင့် မိမိတို့ မည်သည့်နေရာဒေသတွင် နေထိုင်ကြသည်ဖြစ်စေ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးစွာ အတူတကွ လက်တွဲနေထိုင်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက်နိုင်ငံတော်ဝန်ကြီးချုပ်က ဗန်းမော်၊ မိုးမောက်၊ ရွှေကူနှင့် မံစီမြို့နယ်များအတွက် ရုပ်မြင်သံကြားဖမ်းစက်တစ်လုံးစီကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသို့လည်းကောင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွက် အသင်းဝတ်စုံများကို အတွင်းရေးမှူးသို့လည်းကောင်း၊ ကျောင်းသုံးစာအုပ်နှင့် စာရေးကိရိယာများကို ခရိုင်ပညာရေးမှူးသို့လည်းကောင်း၊ ဆေးဝါးနှင့် ဆေးပစ္စည်းများကို ခရိုင်ဆေးရုံအုပ်ကြီးသို့လည်းကောင်း၊ အားကစားဆိုင်ရာပစ္စည်းများကို ခရိုင်အားကစားမှူးသို့လည်းကောင်း ပေးအပ်ချီးမြှင့်ကာ တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ (သတင်းစဉ်)

➪ ကျောဖုံးမှ

ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ဆရာနှင့် ကျောင်းသားအင်အားအချိုးအစား၊ တက္ကသိုလ်မှ ဘွဲ့ရရှိမှုနှင့် လုပ်ငန်းခွင်ဝင်ရောက်မှု အခြေအနေများကို မေးမြန်းသည်။

ထို့နောက် ဝန်ကြီးချုပ်က ဒေသအလိုက် ပေါ်ထွန်းလာသည့် အခြေခံကောင်းများကို လူငယ်လူရွယ်များနှင့် မိဘများက ရယူအသုံးချရေးအတွက် စည်းရုံးဆောင်ရွက်ကြရေး၊ လုပ်ငန်းခွင်၌ အံဝင်ခွင်ကျဖြစ်အောင် စာတွေ့၊ လက်တွေ့ကျွမ်းကျင်မှုရှိအောင်လေ့ကျင့်သင်ကြားပေးရေး၊ ဆရာ၊ ဆရာမများအပိုင်းကလည်း ပညာရပ်များကို စဉ်ဆက်မပြတ်လေ့လာပြီး မိမိတို့၏ အရည်အသွေးကို တိုးတက်အောင် ကြိုးပမ်းကြရေး၊ ကျောင်းသား၊ ကျောင်းသူများအား အတတ်ပညာပိုင်းသာမက ကိုယ်ကျင့်တရားကောင်းမွန်သူများ၊ စည်းကမ်းဥပဒေ လေးစားလိုက်နာစောင့်ထိန်းသည့် တပည့်ကောင်း၊ နိုင်ငံ့သားကောင်းများအဖြစ် လေ့ကျင့် သင်ကြားပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဆရာ၊ ဆရာမများအား အဝတ်အထည်များကို လက်ဆောင်ပေးအပ်သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) သုံးထပ်ပင်မ အဆောက်အအုံသစ် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ Asia Metal Construction Co., Ltd. မှ ဒါရိုက်တာ ဦးထိန်လင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစံသာတို့က စီမံကိန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ တည်ဆောက်ရန်နှင့် လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ကွန်ပျူတာတက္ကသိုလ် သုံးထပ်ပင်မ အဆောက်အအုံကို ကျောင်းသား ၃၀၀ဆံ့ အလျား ၅၁၃ ပေ၊ အနံ၃၅၈ ပေနှင့် အမြင့် ၆၆ ပေရှိ သံကူကွန်ကရစ် သုံးထပ်အဆောက်အအုံအဖြစ် တည်ဆောက်သွားမည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ် (ဗန်းမော်)သို့ ရောက်ရှိကြရာ စုဝေးခန်းမ၌ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါက်တာဒေါ်ဥမ္မာဝင်းက ကျောင်း၏ သင်ကြားစီမံကိန်စ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ ဆရာ၊ ဆရာမများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

လေ့ကျင့်သင်ကြားပေးရေး

ယင်းနောက် ဝန်ကြီးချုပ်က နိုင်ငံတော်နှင့် ဒေသဖွံ့ဖြိုးရေးအတွက် အရည်အသွေးပြည့်ဝသည့် အတတ်ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေး၊ ကျောင်းသားဘဝကပင် ကျောင်းစည်းကမ်း၊ အရပ်ဘက်စည်းကမ်းများကို လေးစားလိုက်နာသည့် အလေ့အကျင့်ကောင်းများမှတစ်ဆင့်နိုင်ငံတော်၏စည်းကမ်းဥပဒေကို လိုက်နာစောင့်ထိန်းသည့် နိုင်ငံ့သားကောင်းများ ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဗန်းမော်မြို့၏ ဖွံ့ဖြိုးစည်ပင်တိုးတက်သာယာမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်တက္ကသိုလ်သို့ရောက်ရှိကြရာ ဒုတိယပါမောက္ခချုပ် ဒေါက်တာသာထွန်းအောင်က သင်ကြားစီမံကိန်စ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်က နိုင်ငံတော်က ငွေကြေးအမြောက်အမြားသုံးစွဲပြီး တက္ကသိုလ်ကြီးများကို တည်ထောင် ဖွင့်လှစ်ပေးနေခြင်းသည် ဒေသတွင်းဖွံ့ဖြိုးရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် အရည်အသွေးပြည့်ဝသည့် ပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးရန်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် မိမိတို့၏တပည့်ကျောင်းသား၊ ကျောင်းသူများအား ပညာတတ်ရုံတစ်ခုတည်းသာမကဘဲ စာရိတ္တကောင်းမွန်သည့် လူငယ်များ၊ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်ကောင်းများရှင်သန်ဖွံ့ဖြိုးသည့် လူငယ်များဖြစ်လာစေရန် အလေးထားသွန်သင်ပြသရေး မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းပေးပြီး ဆရာ၊ ဆရာမများအား အဝတ်အထည်နှင့် ထောက်ပံ့ငွေကျပ်၁သိန်းကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ပြသထားသော ဗန်းမော်တက္ကသိုလ်ဆိုင်ရာအချက်အလက်များ၊ ပါရဂူဘွဲ့အတွက် တင်သွင်းသည့်ကျမ်းများ၊ သုတေသနပရိုဂျက်များ၊ မှတ်တမ်းဓာတ်ပုံများနှင့် ဘာသာရပ်ဆိုင်ရာ စာအုပ်များကို လှည့်လည်ကြည့်ရှုပြီး ဆရာ ဆရာမများအား လိုအပ်သည်များကိုမှာကြားကာ ကျောင်းဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးသည်။

ထို့နောက် ဝန်ကြီးချုပ်သည် ဗန်းမော်တက္ကသိုလ် ပင်မဆောင်ဝဲနှင့်ယာအဆောက်အအုံတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ မန္တလေးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)အင်ဂျင်နီယာမှူး ဦးခင်မောင်ဆွေက ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဗန်းမော်မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

လက်ကမ်းကြိုဆိုပြုစု

တွေ့ဆုံပွဲအပြီးတွင် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြပြီး ဝန်ကြီးချုပ်က နိုင်ငံတော်က ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ပေးနိုင်ရေးအတွက် ဆေးရုံကြီးများကို တည်ထောင်ဖွင့်လှစ်ပေးထားခြင်းဖြစ်၍ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို စေတနာအပြည့်အဝဖြင့် နွေးထွေးပျူငှာစွာ လက်ကမ်းကြိုဆိုပြုစုကုသပေးရေး၊ ကျန်းမာရေးပညာပေးလုပ်ငန်းများကို အောက်ခြေအထိ အခါမလပ် ကွင်းဆင်းပြီး ကျယ်ကျယ်ပြန့်ပြန့်အသိပေးဆောင်ရွက်ရေး၊ ဆေးကုသမှုအရည်အသွေးများ စဉ်ဆက်မပြတ် လေ့လာဆည်းပူးကြရေး မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်က ဆေးပဒေသာပင်အလှူငွေကျပ် သိန်း ၅၀ ကို ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်တင်ညိုသို့လည်းကောင်း၊ အဝတ်အထည်များကို သူနာပြုအုပ် ဒေါ်ဆွေဆွေအုန်းသို့လည်းကောင်း ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗန်းမော် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ ရောက်ရှိကြပြီး ဝန်ကြီးချုပ်က ကျောင်း၏ သင်ကြားမှုအခြေအနေများကို မေးမြန်းကာ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက် ဝန်ကြီးချုပ်က ကျောင်းသူများအတွက် အဝတ်အထည်နှင့် ပံ့ပိုးငွေများကို ခေတ္တကျောင်းအုပ်ကြီးသို့ ပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးချုပ်သည် သင်တန်းသူများ၏ စက်ချုပ်သင်တန်း၊ ကြိမ်ထည်လုပ်ငန်း၊ ဦးထုပ်နှင့် အဝတ်အထည်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဗန်းမော်လေဆိပ်သို့ ရောက်ရှိကြပြီး ဗန်းမော်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံလွင်တံတား (တာဆန်း)ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

၂၀၀၈ခုနှစ် (၆၁)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊

(၃) ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊

(၄) နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၅) အမျိုးသားညီလာခံက ချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် တိုင်းရင်းသား အားလုံး ကြိုးပမ်းဆောင်ရွက်ရေး၊

(၆) နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း သံလွင်တံတား(တာဆန်း) ကြံ့ခိုင်မှုနှင့် တာဆန်း ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းတွင် မိုင်းပန်မြို့မှ မော်တော်ယာဉ်များဖြင့် မိုင်းပန်-တာဆန်းလမ်းပိုင်းများကို ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်နိမိတ် တာဆန်းကျေးရွာသို့ရောက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(တာဆန်း)သို့ ရောက်ရှိကြပြီး တံတားကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့ဝင်များသည်တာဆန်း ရေအားလျှပ်စစ် စီမံကိန်းရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေး ဦးစီးဌာန အမှတ်(၇)တည်ဆောက်ရေးမှ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ဝဏ္ဏက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီးဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် တာဆန်းရေအားလျှပ်စစ်စီမံကိန်းပုံစံငယ်ကို လည်းကောင်း၊ မြေနေရာလျာထားမှု အခြေအနေများကို ရှုရပ်မှ လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တာဆန်းရေအားလျှပ်စစ် စီမံကိန်းသည် သံလွင်မြစ်ပေါ်၌ တည်ဆောက်မည့်RCCDam ရေထိန်းတမံ အမျိုးအစားအကြီးစားရေအားလျှပ်စစ် စီမံကိန်းဖြစ်ပြီး တည်ဆောက်ပြီးစီးပါက တစ်နှစ်လျှင် ပျမ်းမျှကီလိုဝပ်နာရီ ၃၅၄၄၆သန်းခန့် လျှပ်စစ်ဓာတ်အားထုတ်လုပ်နိုင်မည် ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် နယ်မြေခံတပ်နယ်ခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံ၍ အိမ်သုံးပစ္စည်းများနှင့် ထောက်ပံ့ပစ္စည်းများကိုပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာဆန်း-မိုင်းပန် လမ်းအတိုင်း ထွက်ခွာခဲ့ကြပြီး မိုင်တိုင်(၁၁၂/၂)ရှိ လမ်းအူကြောင်းချဲ့ထွင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လင်းခေး-မိုင်းပန်-တာဆန်းလမ်း စီမံကိန်း အထူးအဖွဲ့ အင်ဂျင်နီယာမှူး ဦးစိုင်းသန်းကြွယ်က လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားကာ တာဆန်း-မိုင်းပန် လမ်းပိုင်းတွင် ကျောက်ခင်းကျင်းနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းသည် ဝမ်ထန်ကျေးရွာရှိ နယ်မြေခံတပ်နယ် အောင်ဇေယျခန်းမ၌ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးအတွက် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့် တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြရေး၊ ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတိုးချဲ့ဆောင်ရွက်ရေးတို့ကို မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် အိမ်သုံးပစ္စည်းများနှင့် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် တာဆန်း-မိုင်းပန်လမ်းအတိုင်း ပြန်လည်ထွက်ခွာလာကြရာ မိုင်းပန်မြို့သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၀၅ ၇။ ကျောက်တစ်လုံးရေကူ ရေလှောင်တမံ
- ၈:၁၅ ၈။ အကပဒေသာ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ Let's Go.
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English for Every day Use
- ၄:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (မြန်မာစာ၊ မြန်မာမှုပညာ၊ အရှေ့တိုင်းပညာ အထူးပြုများ) (အရှေ့တိုင်းပညာ)
- ၅:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၁၅ ၆။ တေးဂီတအစီအစဉ်
- ၅:၃၀ ၇။ "ရင်ထဲမှာသာတဲ့လ" (ဆက်မော်၊ ခင်မောင်ချင်း၊ နှင်းဝတ်ရည်သောင်း) **(ဒါရိုက်တာ-ခင်မောင်ချင်း) (ပုလဲအရောင်မမှိန်)**
- ၆:၀၀ ၈။ ညနေခင်းသတင်း
- ၆:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၀။ တေးဂီတအစီအစဉ်
- ၆:၅၀ ၁၁။ သက်တံရောင်သံစဉ်
- ၇:၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လေဒီယာနှင့်ဆုံစည်းခြင်း" (အပိုင်း-၂)**
- ၈:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူများ"(အပိုင်း-၂၁)**
- ၁၇။ နောက်တစ်နေ့အစီအစဉ်
- ၁၈။ အစီအစဉ်ပြီး၏။

မြန်မာပီဂျီအေနှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ပဲခူးမြို့ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ခုနှစ် မြန်မာပီဂျီအေနှင့် ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၉ရက်မှ ၂၂ရက်အထိ ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်ကုန်းရှိ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ Professional Golfers အဆင့်ပြိုင်ပွဲ၊ အမျိုးသားအပျော်တမ်းအဆင့် (အကျောပေး ၀ မှ ၁၂)ပြိုင်ပွဲနှင့် အမျိုးသမီး အပျော်တမ်း (အကျောပေး ၀ မှ ၁၈)ပြိုင်ပွဲဟူ၍ ခွဲခြားကျင်းပမည်ဖြစ်သည်။

ပါဝင်ယှဉ်ပြိုင်လိုသော ဂေါက်သီးရိုက်အားကစားသမားများသည် ဖေဖော်ဝါရီ ၁၆ရက် ညနေ ၄နာရီ နောက်ဆုံးထား၍ ဖုန်း-၆၅၁၃၇၄၊ ၀၉-၉၈၇၂၅၅၄ နှင့် ၀၅၂-၂၂၂၅၄ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဓမ္မာ သောက အင်း၀ ရာဇာ မြန်မာဇာတ်ကား သမ္မတ၊ သွင်နှင့် မင်္ဂလာရုံတို့၌ ဆက်လက်ပြမည်

ကြေးမုံ ရုပ်ရှင်

ရန်ကုန် ဇန်နဝါရီ ၂၃

လာမည့် ဇန်နဝါရီ ၂၅ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ် ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ဇာတ်ကား သစ်ရုံမဝင်ဘဲ ပြသဆဲ မြန်မာ ရုပ်ရှင်ကားဖြစ်သည့် **ဓမ္မာ သောက အင်း၀ ရာဇာ** တစ်ကားတည်းသာ သမ္မတ၊ သွင်နှင့် မင်္ဂလာရုံများတွင် ဆက်လက်ပြသမည်ဖြစ်သည်။

ဓမ္မာသောကအင်း၀ရာဇာ ဇာတ်ကားကို လှိုင်ရုပ်ရှင်ထုတ်လုပ်ရေးမှ ထုတ်လုပ်မှုတာဝန်ခံ နွေးနွေးလှိုင်က ထုတ်လုပ်ခြင်းဖြစ်ပြီး သမီးမြတ်ကျော်၏ ဝတ္ထုဇာတ်လမ်းကို ကိုအောင်မင်းသိမ်းက ဇာတ်ညွှန်းနှင့် ဒါရိုက်တာ ပူးတွဲတာဝန်ယူရိုက်ကူးခဲ့ခြင်းဖြစ်သည်။ ဇာတ်ကား၏အမည်မှာ မြန်မာတို့၏ အိမ်ထောင်ဖက်ပြုရန် မသင့်တော်သော နေ့နံအတွဲများ၏ အမည်ဖြစ်သည်။

ဇာတ်လမ်းပါ ဇနီးမောင်နှံမှာ တွဲဖက် အိမ်ထောင်မပြုအပ်သည့် နေ့နံများဖြစ်၍ လူကြီးမိဘများက သဘောမတူသည့်ကြား ၎င်းတို့ သဘောဆန္ဒဖြင့် လက်ထပ်ပေါင်းသင်းခဲ့သူများဖြစ်သည်။ တိုက်ဆိုင်မှုဟုပင် ဆိုရမည်လားမသိ၊ လက်ထပ်စက အဆင်ပြေသော်လည်း သုံးနှစ်ခန့် အကြာတွင် အဆင်မပြေ အခြေအနေ တင်းမာလာရာမှ နှစ်ဦးသား ခွဲခွာနေခဲ့ကြတော့သည်။

ယင်းသို့ ခွဲခွာနေကြရာမှ တစ်ဦးနှင့် တစ်ဦး နားလည်မှုရကာ အထင်အမြင်လွဲမှားမှုများ ပြေလည်ပြီး ပျော်ရွှင်စွာ ပြန်ပေါင်းထုပ်ကြရပုံများကို ဒါရိုက်တာက အိမ်ထောင်ရေးဇာတ်လမ်းကို ဟာသပါရောစွက်၍ ရိုက်ကူးတင်ပြထားသည်။ အဆိုပါ ဇာတ်ကားတွင် လူမင်း၊ နန္ဒာလှိုင်နှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားကြသည်။

ဓမ္မာ သောက အင်း၀ ရာဇာ ဇာတ်ကားမှ လူမင်းနှင့် နန္ဒာလှိုင်တို့၏ သရုပ်ဆောင်မှုကို တွေ့ရစဉ်။

နိုင်ငံခြားရုပ်ရှင်

ရှေ့ဆောင်ရုံတွင် နာမည်ကြီး အိန္ဒိယသရုပ်ဆောင်မင်းသား ရှာရွတ်ခန် ပါဝင်သည့် OM SHANTI OM အိန္ဒိယနာမည်ကြီး အချစ်ဇာတ်ကားနှင့် နေပြည်တော်ရုံတွင် ကြေးစား လူသတ်သမားတစ်ဦး၏ မှဆိုးဘဝမှ သားကောင်ဘဝသို့ ပြောင်းလဲခံစားရသည့် ဖြစ်စဉ်ကို ဇာတ်ကွက်ဖော် ရိုက်ကူးထားသည့် HITMAN စုံထောက်ဇာတ်ကြမ်းကားများ ပြသမည်ဖြစ်သည်။ (ကြေးမုံ)

Business Plan 2008 ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းက ကြီးမှူးကျင်းပမည့် Business Plan 2008 ဟောပြောပွဲကို ဇန်နဝါရီ၂၆ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် မြန်မာအင်ဖိုတက် အခန်း(၂၀၅)၌ ကျင်းပမည်ဖြစ်ရာ ဆရာခင်မောင်ညို (ဘောဂဗေဒ)က ဆွေးနွေးဟောပြောမည်ဖြစ်သည်။

မြန်မာနိုင်ငံ ကွန်ပျူတာ လုပ်ငန်းရှင်အသင်းဝင်များနှင့် စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများသည် မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်းရုံးခန်း မြန်မာအင်ဖိုတက်၊ လှိုင်တက္ကသိုလ်နယ်မြေ ရန်ကုန်မြို့ ဖုန်း-၆၅၂၂၃၈ သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။ (သတင်းစဉ်)

ကြေးမုံ The Mirror မှုခင်းသတင်း

သရက်မြို့နယ်တွင် ကုန်တင်ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

နေပြည်တော် ဇန်နဝါရီ ၂၃

ယာဉ်မောင်းဝင်းဌေး အသက်(၂၆)နှစ် (အဘ)ဦးကျော်လွင် မောင်းနှင်သည့် မင်းလှမြို့နယ် ညောင်ပင်ဝိုင်းကျေးရွာမှ သရက်မြို့သို့ ခရီးသည်နှင့် ကုန်များတင်ဆောင်လာသော အီဇူးဇူးအမျိုးအစား ကုန်တင်ယာဉ်အမှတ်-င/၂၆၃၅သည် ဇန်နဝါရီ ၂၁ရက်ည၁၂နာရီခန့်တွင် မကွေးတိုင်းသရက်မြို့နယ် မိုးနတ်ကုန်း ကျေးရွာအနီး ကားလမ်းပေါ်ရှိ သစ်သားတံတားသို့အရောက် အရှိန်မထိန်းနိုင်ဘဲ တံတား၏ ညာဘက်အစွန်းသို့ နင်းမိသဖြင့် တံတားအောက်ခံရက်မတန်းများ ကျိုးပဲ့၍ ယာဉ်မှာ ချောင်းထဲသို့ ပြုတ်ကျတိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည်အမျိုးသားငါးဦးနှင့် အမျိုးသမီးခုနစ်ဦး သေဆုံးပြီး အမျိုးသားခြောက်ဦး၊ အမျိုးသမီးတစ်ဦးတို့ ထိခိုက် ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိကြသူများအား တာဝန်ရှိသူများက သရက်မြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်၍ ဆေးဝါးကုသမှုများနှင့် လိုအပ်သော ပံ့ပိုးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နှစ်ဖက်သော မိဘများနှင့် ခိုင်ရွှေဝင်းကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဒေါ်သန်းနုအားရည်စူး၍ ဦးတင်ရွှေ-ဒေါ်မွေး၊ မန်နေဂျာ ဦးအေးနှင့် ဦးမြင့်ဌေးမိသားစုတို့က မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာယ (ခဝဲခြံ)ကျောင်းသို့ တစ်နေ့တာ ကျွေးမွေးစရိတ်နှင့် လှူဒါန်းငွေကျပ် ၃၅၀၀၀၀ကို ဇန်နဝါရီ ၂၀ရက်က လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံစဉ်။
(က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၁-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၂၀ ၃။ အမျိုးသားရေးတေးကဗျာ
၄:၃၀ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၀၀ ၆။ အမျိုးသားရေးတေးကဗျာ
၅:၂၀ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ **ကာတွန်းအစီအစဉ် "ငါးကလေးရဲ့စွန့်စားခန်း (အပိုင်း-၁၆)**
၆:၃၅ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၂၉)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း နီလာလက်ကောက် (အပိုင်း-၃၁)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ သတင်းများ

ကမ္ဘာ့အဆင့်(၁) ဖယ်ဒဲရား ပြိုင်ဘက် ဘလိဒ်ကိုအနိုင်ရ

မဲလ်ဘုန်း ဇန်နဝါရီ ၂၃

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့တွင် ဆက်လက်ကျင်းပသည့် ဩစတြေးလျ အိုးပင်းတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်တွင် ချန်ပီယံဘွဲ့ကို ကာကွယ်သူ ရော်ဂျာဖယ်ဒဲရားသည် ပြိုင်ဘက် အမေရိကန် အားကစား သမား ဂျိမ်းဘလိဒ်ကို သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသွားသည်။



ကမ္ဘာ့အဆင့်(၁) ဖယ်ဒဲရား။
(ဓာတ်ပုံ-အင်တာနက်)

ဆွစ်အားကစားသမား ဖယ်ဒဲရားသည် ကမ္ဘာ့အဆင့် ၁၂ရှိ ဘလိဒ်ကို လက်စွမ်းပြပြီး ကစားသွားသည်။ ဘလိဒ်ကကြိုးစားပြီး တန်ပြန်တိုက်စစ် ဆင်သော်လည်း ဖယ်ဒဲရားက အသာစီးအနေအထားမှ ကစားသွားသည်။

ဆီမီးဖိုင်နယ်

ယနေ့ပွဲတွင် ဖယ်ဒဲရားသည် ယှဉ်ပြိုင်ဘက်ဘလိဒ်ကို ၇-၅၊ ၇-၆၊ ၆-၄ ဖြင့် အနိုင်ရရှိသွားသည်။ ဖယ်ဒဲရားသည် ဆီမီးဖိုင်နယ်ပွဲတွင် နိုဗက်ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အင်တာနက်။

ကမ္ဘာ့အဆင့်(၃) ဂျိုကိုဗစ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဂျိုကိုဗစ်အကြိုဗိုလ်လုပွဲတက်

မဲလ်ဘုန်း ဇန်နဝါရီ ၂၃

ကမ္ဘာ့နံပါတ်(၃)အဆင့်ရှိ တင်းနစ်အားကစားသမား နိုဗစ်ဂျိုကိုဗစ်သည် ကမ္ဘာ့အဆင့်ရှိ ဒေးဗစ်ဖရဲရာကို ဩစတြေးလျအိုးပင်းကွာတားဖိုင်နယ်ပွဲတွင် ၆-၀၊ ၆-၂၊ ၇-၅ဖြင့် အနိုင်ရရှိကာ အကြိုဗိုလ်လုပွဲသို့ တက်လှမ်းသွားပြီဖြစ်သည်။

မဲလ်ဘုန်းတွင် ဂျိုကိုဗစ်သည် ရှုံးပွဲမရှိသေးဘဲ နိုင်ပွဲများနှင့်သာ ဆက်တိုက်ကြုံနေရခြင်းဖြစ်သည်။ ယခုပွဲတွင်လည်း ၎င်းနိုင်လိုက်သဖြင့် အကြိုဗိုလ်လုပွဲတွင်ယုံကြည်မှုအပြည့်ဖြင့် ယှဉ်ပြိုင်ဘက်ဆွစ်အားကစားသမား ရော်ဂျာဖယ်ဒဲရားနှင့် အပြိုင်နွှဲရမည်ဖြစ်သည်။

ဖယ်ဒဲရားမှာ ကမ္ဘာ့အဆင့်တစ်ရှိသူဖြစ်ပြီး ဂျိုကိုဗစ်မှာ ကမ္ဘာ့အဆင့်သုံးရှိသူဖြစ်၍ ဆီမီးဖိုင်နယ်ပွဲသည် ကြည့်ကောင်းမည့်ပွဲတစ်ပွဲပင်ဖြစ်သည်။

အင်တာနက်။

ထူးခြားသည့် ညအပူချိန်များ

(၂၃-၁-၂၀၀၈)

ဟားခါး	(-၁)	ဒီဂရီ စင်တီဂရိတ်
ပင်လောင်းနှင့်လွိုင်လင်	(၁)	ဒီဂရီ စင်တီဂရိတ်စီ
ဟဲဟိုး	(၃)	ဒီဂရီ စင်တီဂရိတ်
လားရှိုးနှင့်မိုးကုတ်	(၄)	ဒီဂရီ စင်တီဂရိတ်စီ

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်
☆ အေးချမ်းမှုကို လိုလားသည်
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကချင်ပြည်နယ် ဗန်းမော်မြို့၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၃

မန္တလေးတိုင်း မန္တလေးမြို့၌ ရောက်ရှိနေသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၊ အစိုးရအဖွဲ့-

အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများလိုက်ပါလျက် ဇန်နဝါရီ ၂၀ရက် နံနက်ပိုင်းတွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး နံနက် ၁၀နာရီ မိနစ် ၂၀တွင် ကချင်ပြည်နယ် ဗန်းမော်မြို့သို့ ရောက်ရှိကြရာ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ဗန်းမော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် လေဆိပ်ခန်းမ၌ ဝန်ကြီးချုပ်အား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဗန်းမော်လေဆိပ်ရှိ လေယာဉ်ပြေးလမ်း တိုးချဲ့ရေးစီမံကိန်းဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က လေယာဉ်ပြေးလမ်း တိုးချဲ့တည်ဆောက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး လေယာဉ်ကွင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင် ပန်းမန်များစိုက်ပျိုးရေး၊ စံချိန်စံနှုန်းပြည့်မီရေးတို့ကို တာဝန်ရှိသူများအားမှာကြားသည်။

ဗန်းမော်လေဆိပ်လေယာဉ်ပြေးလမ်းမှာ ယခင်က အလျားပေ ၅၅၀၀နှင့် အကျယ်ပေ ၁၀၀ ရှိရာ အလျား ပေ ၇၅၀၀နှင့် အနံပေ၁၀၀သို့ တိုးချဲ့တည်ဆောက်ပြီးဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ကွန်ပျူတာ တက္ကသိုလ်(ဗန်းမော်)သို့ ရောက်ရှိကြရာ ခေတ္တကျောင်းအုပ်ကြီး ဒေါက်တာ နန်းစောကလျာက ကွန်ပျူတာတက္ကသိုလ်(ဗန်းမော်)၏ သင်ကြားစီမံ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး

စာမျက်နှာ ၉ ကော်လံ ၁ သို့ ⇨

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွန်ပျူတာတက္ကသိုလ် (ဗန်းမော်) တွင် ဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဗန်းမော် အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၂ရက် မြန်မာစံတော်ချိန် နံနက် ၁၁နာရီ ၄၇မိနစ် ၅၂စက္ကန့်တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက် မိုင် (၁၇၅၀)ခန့်အကွာ ပြည်ပနေရာကိုဗဟိုပြု၍ အင်အားရစ်ချ်တာ စကေး (၆ ဒသမ ၁) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)